လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

WWW.DHAMMARANSI.COM

# ဒါန ဝတ္ထုများ

၁။ လယ်စောရှင်းငှား ပုဏ္ဏားဝတ္ထု။

၂။ မေတ္တာဖြင့် အနိုင် ယူသူ ဥတ္တရာဝတ္ထု။

၃။ ရဟန်းတပါးနှင့် ပြည့်တန်ဆာမ သိရိမာ။

၄။ တွန့်တိုသည့် အာနန္ဒာသဋ္ဌေးကြီးဝတ္ထု။

၅။ နတ်ပြည်ရောက်ရန် နည်းလမ်းများ။

၆။ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားဝတ္ထု။

၇။ နန္ဒိယသူကြွယ်ဝတ္ထု။

၈။ ဣလ္လိသဇာတ်ဝတ္ထု။

၉။ မေဏ္ဍက ဥပါသကာဝတ္ထု။

(ဆဋ္ဌမအကြိမ်)

ဦးလှခင်(ဆိမ်းညွှန့်ဦး) စီစဉ်ရေးသားသည်

သက်သာ စာစဉ်
အမှတ်စဉ် ၁

WWW.DHAMMARANSI.COM

# မှတ်သားဖွယ်ရာကျမ်းတော်လာ

## တရားနှင့် လျော်သော အလှူ

[ဓမ္မိကဒါန အပြား ၃-ပါး]

(၁) သံဃာသို့လှူရန် ရည်မှန်းသော ဝတ္ထုပစ္စည်းကို သံဃာသို့သာပေးလှူပါ။
သံဃဿနိန္နံ၊ သံဃေဿဝ ဒေတိ။

(၂) စေတီသို့လှူရန် စိတ်ညွတ်ပြီးသော ဝတ္ထုပစ္စည်းကို စေတီသို့သာ ပေးလှူပါ။
စေတိယဿ နိန္နံ စေတိယဿေဝ ဒေတိ။

(၃) ပုဂ္ဂိုလ်ကို လှူရန်ညွတ်ပြီးသော ဝတ္ထုကို ပုဂ္ဂိုလ်သို့ ပေးလှူပါ။
ပုဂ္ဂလဿနိန္နံ ပုဂ္ဂလဿေဝ ဒေတိ။

ဆင့်မဇ္ဈာကြီး

WWW.DHAMMARANSI.COM

# မှတ်သားဖွယ်ရာ ကျမ်းတော်လာ

## တရားနှင့်လျော်သော အရှုံမဗ္ဗိကာဒါန

### အပြား ၃ ပါး

#### အလှူနှစ်မျိုး

(၁)

ပစ္စည်းမျိုးစုံ၊ တမျိုးစီ သော်လည်းကောင်း၊ အမျိုးမျိုး သော်လည်းကောင်း၊ လှူဒါန်းခြင်း။

(အာမိသဒါန)

တရားတော်နှင့် ပတ်သက်သော စာအုပ်များ၊ ပေစာများ လှူဒါန်းခြင်း၊ တရားတော်နှင့် ပတ်သက်သော အကြောင်းအရာများ၊ တရားတော်များကို ဟောပြောခြင်း၊ တရားတော်ကို နာကြားခြင်း၊ တရားအားထုတ်ခြင်း၊ တရားစာကို ဖတ်ရှု သင်ယူ မှတ်သားပြီး၊ တဖန် ပို့ချခြင်း၊ ဟောပြောခြင်း။

(ဓမ္မဒါန)

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

စာမူကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ် (၁၂)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၃၁)

ဆဋ္ဌမအကြိမ်၊ ၁၉၇၆ ခု၊ ဇွန်လ။

အုပ်ရေ ၂၀၀၀

စျေးနှုန်း....၃ ကျပ်

ဝန္ဒနာနှင့်ဆုမန်လွှာ

ပဋ္ဌာနံ အဟံ ဝန္ဒာမိ သမ္ဗုဒ္ဓါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန်ုပ်ရှိခိုး၏။

ထိုဖြင့်တစ — ဇာတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရသော၊ ဆရာများပါ ဝတ်တွားဝန္ဒနာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြတ်ရည်သတည်း။

ထုတ်ဝေသူ။ ။ဦးထွန်းဖြေ (ခေါ်) ဦးထွန်းဇော် (၀၁၀၅၃-မြ)
ဇော်စာပေ ၂၁၀-၃၂ လမ်း။
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးလှခင် [၀၁၀၂၉-မြ]
ဆန်းညွန့်ဦး ပုံနှိပ်တိုက်
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# သက်သာစာစဥ် အမှတ် (၁)

## ဒါနဝတ္ထုများ

လက်ရွေးစင်

ဝတ္ထုတော်

.............................................

.............................................

.............................................

တို့၏ မွေ့ဒါန အရှုတော်
နတ် လူ သာဓု ခေါ်စေသော်-

ဤကောင်းမှုကြောင့် ဂုဏ်ဉာဏ်ဖိုလ်ဉာဏ်
လျှင်မြန်ထိုးဖောက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်
သို့ ကူးမြောက် နိုင်ပါစေသတည်း။

ဦးလှခင်(ဆန်းညွှန့်ဦး၊) စီစဥ်ရေးသားသည့်
သက်သာ တအုပ် ၃/- စာစဥ်

F 1 [ဆဋ္ဌမအကြိမ်]

ဇော်ဝ၁၉ပ

WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

## လောကီအကျိုး

ဤစာအုပ်ကို ဖတ်ခြင်းဖြင့်
ရရှိလာမည့် မျက်မှောက်လောကီ အကျိုးထူးများ

၁။ စာဖတ်ရှိန်နှုန်း ... မြင့်မားလာမည်
၂။ စာဖတ်လိုစိတ် .... ပွားများလာကြမည်
၃။ ဗဟုသုတ ... တိုးပွားမည်
၄။ အတွေးအခေါ် ... တိုးတက်မြင့်မားလာမည်
၅။ စိတ်ဓာတ် .... ကြံ့ခိုင်မြင့်မားလာမည်
၆။ လူကိုလူချင်း ... ခွင့်လွှတ်သည်းခံနိုင်မည်
၇။ လူသားချင်းချင်း ... မေတ္တာတရားထားနိုင်လာမည်
၈။ လူသားချင်းအာပေါ် သဒ္ဓါတရား တိုးပွားလာမည်
၉။ ကိုယ်ကျင့်တရား ... တိုးတက်လာမည်
၁၀။ ထကြွလုံ့လ .... ရှိလာကြမည်
၁၁။ သူတပါးကို ... ကူညီလိုစိတ်တိုးပွားမည်
၁၂။ မိမိကိုယ်ကို .... အားကိုးလိုစိတ် တိုးပွားမည်

ဤသို့လျှင် အဖိုးမဖြတ်နိုင်သော စာအုပ်ဖြစ်ပါသည်။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# လောကုတ္တရာအကျိုး

ဗုဒ္ဓဘာသာဝင် ဖတ်ရှုလေတိုင်း ရမြဲသော ကောင်းမှုတွေကား

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရှိသေခြင်း၊
၂။ သဒ္ဓါတရား ကြီးထွားခြင်း၊
၃။ သတိအားကောင်းခြင်း၊
၄။ ပညာဉာဏ်ပြန့်ပြောခြင်း၊
၅။ ကောင်းမှုတိုးပွားခြင်း၊
၆။ ပီတိပါမောဇ္ဇအားကြီးခြင်း၊
၇။ အကြောက်အလန့် ကင်းစင်ခြင်း၊
၈။ ဆင်းရဲကို ခံနိုင်ရည်ရှိခြင်း၊
၉။ လူ့သဘာဝ စရိုက်ဆိုးများပယ်ဖျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း၊
၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါးအာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း၊
၁၁။ ထိုထိုသောပုဂ္ဂိုလ်ထူးတို့ ရရှိအပ်သော ဒါနအကျိုး သီလအကျိုး၊ ဘာဝနာအကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကိုကြဉ်ရှောင်၊ ကောင်းမှုကောင်းကျိုးကို ဆောင်လိုစိတ်များ ပေါ်ပေါက်ခြင်း၊
၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာလမ်းမှ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသော သဒ္ဓါတရား ပေါ်လာနိုင်ခြင်း၊

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမတွဲ]
ဆင့်မအကြံ

WWW.DHAMMARANSI.COM

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု



ကျောင်းသားလူငယ်များမှစ၍
နိုင်ငံတော်၏ အဓိက အင်အားစုများဖြစ်ကြသည့်
အလုပ်သမား၊ တောင်သူ လယ်သမား
တိုင်းရင်းသား လုပ်သားပြည်သူတို့ ဖတ်ရှုနိုင်ရန်

အလွယ်ဆုံး - အရှင်းဆုံး
ရေးသား၍
ဈေးနှုန်း အသက်သာဆုံးဖြင့်
ကြည်ညိုသဒ္ဓါ ပွားများကြစေရန်
ရည်သန်ထုတ်ဝေပါသည်။

※

ဆဋ္ဌမအကြိမ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

WWW.DHAMMARANSI.COM

# ဓမ္မပဒ ဟူသည်ကား

ဗုဒ္ဓဘာသာတို့၏"အခြေခံတရား" အခြေခံကျင့်စဉ်... "တရားညွန့်ပေါင်းကျမ်း"ဟူ၍ အဓိပ္ပာယ်ရပါသည်။

ရှင်တော်ဘုရားသည်ကျွတ်ထိုက်သူတို့အား ဟောကြားတော်မူ၍၊ ကျွတ်တန်းဝင်စေနိုင်သော (တရားအဆီအနှစ်) များပင်ဖြစ်သည်။ ဇွဲ လုံ့လ ဝီရိယဖြင့် အားထုတ်ပါက မဂ်ဖိုလ်ခရီးကိုဆိုက်ရောက်နိုင်သော တရားတော်များဖြစ်သည်။

**ဓမ္မပဒ ဝတ္ထုတော်များကား...**

ရှင်တော်ဘုရား သက်တော်ထင်ရှား (၄၅) ဝါ အတွင်းတကယ့်အဖြစ်အပျက်များပင် ဖြစ်ပါသည်။

**ဓမ္မပဒကျမ်းကြီး**

လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံကျင့်သုံးနိုင်သော လမ်းညွှန်ချက်များ များစွာပါရှိသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်ဘာသာများသို့ ကမ္ဘာ့နိုင်ငံ အသီးသီးကဘာသာပြန်ဆိုကြသည်။

တိုင်းရင်းသား ပိုးကရင်စာပေဖြင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်ကပင် ဓမ္မပဒကျမ်း ပြုစုထားခဲ့ကြသည်။

ဤမျှ လူမျိုးမရွေး ဘာသာမရွေး ဖတ်ရှုသင့်သော ဓမ္မပဒဝတ္ထုတော်များကိုကျေးရွာအနှံ့ တောင်သူလယ်သမားတိုင်းရင်းသား လုပ်သားပြည်သူတို့ လက်ဝယ်သို့ ရောက်စေလိုသဖြင့် (သက်သာစာစဉ်များ) အဖြစ် တအုပ်လျှင် သုံးကျပ်နှုန်းနှင့်စီစဉ်ထုတ်ဝေခြင်း ပြုရပါကြောင်း။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

## အဓမ္မိက ဒါနမျိုး ၉ ပါး

### မလုပ်သင့်ရာသော ဒါနမျိုး

အလှူရှင်များ လှူဒါန်းရန် စိတ်ညွတ် ဆုံးဖြတ်ပြီး သားကိုပင် ကြားလူများ အလှူပွဲစားများ ဆွဲဆောင်မှုကြောင့် စိတ်ထား ပြောင်းကာ၊ ပြောင်းလဲ လှူဒါန်းမှုသည် အဓမ္မိကဒါနဖြစ်၏။

(၁) သံဃပရိဏတ ခေါ် ဤသံဃာသို့ လှူရန် စိတ်ဆုံးဖြတ်ပြီးသားကို (က) အခြား သံဃာသို့ လှူဒါန်း ပြောင်းလဲလှူခြင်း၊ (ခ) စေတီတော်သို့ လှူခြင်း၊ (ဂ) ပုဂ္ဂိုလ်တပါးကို ပေးလှူလိုက်ခြင်း။

(၂) စေတီပရိဏတခေါ် "ဤစေတီကို" လှူရန် စိတ်ညွတ်ပြီးသော ဝတ္ထုပစ္စည်းကို (က) အခြား စေတီသို့ လည်းကောင်း၊ (ခ) သံဃာသို့လည်းကောင်း၊ (ဂ) ပုဂ္ဂိုလ်သို့ လည်းကောင်း ပေးလှူခြင်း။

(၃) ပုဂ္ဂလပရိဏတခေါ် "ဤပုဂ္ဂိုလ်သို့" ပေးလှူရန် စိတ်ညွတ်ပြီးသား ဝတ္ထုပစ္စည်းကို (က) အခြား ပုဂ္ဂိုလ်အား လည်းကောင်း၊ (ခ) သံဃာအား လည်းကောင်း၊ (ဂ) စေတီအား လည်းကောင်း ပေးလှူလိုက်ခြင်းတို့ကို (အဓမ္မိကဒါန) မလုပ်သင့်ရာသော လှူခြင်းဖြစ်၏။

[ဝိနည်းဗိဋကတ်တော်မှ]

WWW.DHAMMARANSI.COM

ဒါနကြောင့်နေ့ချင်းသူဌေးကြီးဖြစ်သွားသူ

# လယ်ဘရင်းငှား
# ပုဏ္ဏဝတ္ထု



ဆဋ္ဌမ အကြိမ်

WWW.DHAMMARANSI.COM

အလှူဒါနကြောင့် နေ့ချင်း သဌေးကြီး ဖြစ်သွားသူ

# လယ်စာရှင်းငှား ပုဏ္ဏဝတ္ထု

ရာဇဂြိုဟ်ပြည်၌ သုမနသဌေးကြီးရှိ၏။
လယ်ယာများစွာကို ပိုင်ဆိုင်၏။
လယ်စာရင်းငှား အများအပြားရှိ၏။
ပုဏ္ဏသည် နေ့စား လယ်စာရင်းငှားဖြစ်၏။
တနေ့လုပ်မှ တနေ့စားရသူဖြစ်၏။
သဌေးကြီးအိမ်နောက်ဖေးတွင် တဲကလေးထိုး၍နေရ၏။
ပုဏ္ဏ၏ဇနီးမှာ ဥတ္တရာပင်အမည်ရှိ၏။
သမီးကလေးမှာလည်း ဥတ္တရာပင်အမည်ရှိ၏။
(ဓမ္မပဒအဋ္ဌကထာ၌ ဇနီးအမည် ဘာရိတာဟုလာရှိ၏။)

## နက္ခတ်သဘင်ပွဲ ခြိမ့်ခြိမ့်သည်း

ရာဇဂြိုဟ်ပြည်ကြီးတွင်တနှစ်တကြိမ်ကျင်းပသည့်တောင်ထိပ်နက္ခတ်ပွဲသဘင်ကြီးရှိ၏။ တမြို့လုံးသွားကြ၏။

ခုနစ်ရက်တိုင်တိုင် ကျင်းပကြ၏။ .

ဝတ်ကောင်းစားလှ အပြိုင်အဆိုင်ဝတ်စား၍ အစွမ်းကုန်ပျော်ကြသော ပျော်ပွဲရွှင်ပွဲကြီးဖြစ်၏။

ယနေ့သည် ပွဲသဘင်၏ အစနေ့ဖြစ်သည်။

မိုးမလင်းမီကပင် တမြို့လုံးတီးသံမှုတ်သံ ဆူဆူညံညံဖြင့် တောင်ထိပ်သဘင်ပွဲသို့ သွားကြရန် ဟန်ပြင်နေကြသည်။

WWW.DHAMMARANSI.COM



မိုးလင်းဆည်နှင့် သုမနသဌေးကြီးသည် မိမိလုပ်သားများ နက္ခတ်သဘင်ပွဲသို့ ထွက်ခွာသွားကြသည်ကို တိုက်တံခါးဝမှ ရပ်၍ ကြည့်နေ၏။

တစုံတယောက် သူ့အနားလာရပ်သည့် အသံကို ကြား၍ သဌေးကြီး လှည့်ကြည့်၏။

"ဟေ့ ပုဏ္ဏ...မင်းတို့ တောင်ထိပ်ပွဲ မသွားကြဘူးလား"

"တနေ့လုပ်မှ တနေ့စားရတာ မသွားနိုင်ပါဘူး သဌေးမင်း ရယ်"

"ဒါဖြင့် မင်းအလုပ်ဆင်းရအောင်လာတာပေါ့"

"သဌေးမင်း ခွင့်ပြုမယ်ဆိုယင်...."

"ဟဲ....လုပ်ပေါ့ကွ၊ ကိုယ်လုပ်မှကိုယ်ရတာ၊ ဇာနေ့ မင်းစိတ် ကြိုက် နွားတရှဉ်းယူသွားလုပ်ပေါ့ကွ"

"ကောင်းပါပြီ သဌေးမင်း"

ပုဏ္ဏသည် အားရဝမ်းသာ သုမနသဌေးကြီးအားအရိုအသေ ပြုကာ ထွက်ခွာသွားပြီး နွားခြံမှ အကောင်းဆုံးအဲသန်ဆုံး နွား တရှဉ်းနှင့် ထွန်တုံးထွန်တံတို့ကို ယူလာကာ မိမိတဲရှေ့၌ရပ်၍...

"ရှင်မရေ၊ ဒီနေ့ ထမင်းနှစ်ဆပိုချက်ခဲ့ဟေ့၊ ငါလယ်နှစ်ဆ ပိုထွန်မယ်ကွ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ပုဏ္ဏသည် စောစောစီးစီးပင် လယ်တောသို့ထွက်ခွာသွား၏။

အရှင်သာရိပုတ္တရာ

အရှင် သာရိပုတ္တရာ မထေရ်မြတ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ဆင့်မအကြွင်

WWW.DHAMMARANSI.COM



နိရောဓသမာပတ်မှာ သမာပတ်ရှစ်ပါးကိုရရှိပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ သမထအား၊ ဝိပဿနာအားတို့ဖြင့် ပြည့်စုံသောကြောင့် ဝင်စားနိုင်ပါသည်။ ပုထုဇဉ်နှင့်သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်များ မဝင်စားနိုင်ပါ။

(ဝိသုဒ္ဓိမဂ်)

နိရောဓသမာပတ်ဟူသည် အစဉ်အတိုင်း ချုပ်ဆုံးခြင်း၏ အစွမ်းအားဖြင့် စိတ်စေတသိက်တို့၏ မဖြစ်ရှိခြင်းကိုပင် နိရောဓသမာပတ်ဟု ခေါ်ပါသည်။

နိရောဓသမာပတ်မှထတော်မူသော အရှင်မြတ်တို့အားတွေ့ရှိကြုံကြိုက်၍ သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းခွင့်ရသော သူသည် နေ့ချင်းညချင်း စည်းစိမ်ချမ်းသာ ပြည့်စုံသော အကျိုးထူးကို ချက်ချင်းလက်ငင်း ရပေ၏။

အရှင်သာရိပုတ္တရာသည် ထိုနေ့ နံနက် စောစော နိရောဓသမာပတ်မှ ထတော်မူ၍—

"ယနေ့ ငါသည် အဘယ်သူအား ချီးမြှောက်မှုကို ပြုသင့်သနည်း" ဟု ကြည့်ရှုတော်မူသည်ရှိသော် ဉာဏ်တော်ကွန်ရက်အတွင်းသို့ လယ်စားရှင်းငှား ပုဏ္ဏကိုမြင်တော်မူ၏။

ဤယောကျာ်းသည် ရတနာသုံးပါး၌ ကြည်ညို သဒ္ဓါရှိပါမည်လော" ဟု ကြည့်ရှုတော်မူပြန်၏။

ထိုပုဏ္ဏ၏သဒ္ဓါတရားကိုလည်းကောင်း၊ ဇနီးဥတ္တရာ၏ သဒ္ဓါတရားကိုလည်းကောင်း၊ ဤသို့ ချီးမြှင့်ခြင်းဖြင့် စည်းစိမ်ချမ်းသာရယူရာ ရှေးအကြောင်းခံကိုလည်းကောင်း၊ ဓောင်းစွာထင်

WWW.DHAMMARANSI.COM



ထင်သိမြင်တော်မူ၍ သပိတ် သင်္ကန်းကို ဆင်မြန်းကိုင်ယူတော်မူပြီး ပုဏ္ဏ၏လယ်ထွန်ရာအရပ်သို့ ကြွသွားတော်မူ၏။

အရှင်သာရိပုတ္တရာသည် ပုဏ္ဏလယ်ထွန်ရာအနီး ကြည်လင်သန့်ရှင်း ရေတွင်းရေအိုင်နှင့် သစ်ပင်ငယ်ချုံတခုကိုကြည့်ရှုလျက် ရပ်တည်တော်မူ၏။

လှူစရာရှိလျှင် ရေကိုလှူ

ပုဏ္ဏသည် လယ်ထွန်ရန်ပြင်ဆင်နေစဉ် အရှင်မြတ်ကို တွေ့မြင်ရ၍ ကြည်ရွှင်ဝမ်းသာ သဒ္ဓါတရား ပွားများကာ အရှင်မြတ်အနီးသို့လာ၏။ ငါးပါးမှောက်ချ၍ ဝပ်စင်း ရှိခိုးပြီးသော် အရှင်မြတ်သည် နံနက်စောစောသွားတိုက်ရန် တံပူကို အလိုရှိပေလိမ့်မည်ဟု စိတ်ကူးမိသဖြင့် တံပူလုပ်ရန်အသင့်သော သစ်ခက်ကိုဖြတ်၍ သွားတိုက်ရန် တံပူပြုလုပ်ပေးလှူလေ၏။

အရှင်သာရိပုတ္တရာသည် တံပူကို အလှူခံယူပြီးနောက် ပုဏ္ဏအား သပိတ်နှင့် ရေစစ်ကို ထုတ်ဆောင်၍ ပေးတော်မူ၏။

ပုဏ္ဏသည် ထိုသပိတ်နှင့်ရေစစ်ကိုယူပြီး သောက်ရေသုံးရေကို သေချာသန့်သန့်စစ်၍ ရှိခိုးသစ္စာပေးလှူ၏။

အရှင်မြတ်သည် ကပ်လာသော ရေ၊ တံပူတို့ကိုခံယူသုံးဆောင်ပြီးလျှင် ဆင်ခြင်တော်မူသည်မှာ...

"ဤပုဏ္ဏသည် သူတပါး အိမ်နောက်ဖေး၌သာ နေရှာသည်။ အကယ်၍ ထိုသူ၏ အိမ်ရှေ့သို့ ငါကြွသွားသော်လည်း ထိုသူ၏ မယားသည် ငါ့ကိုမဖူးမြင်နိုင်။ ထမင်းပို့လာသောအခါမှ လမ်းမှာတွေ့စေတော့အံ့"

ဟု ကြံလျက် အထူးနှင်ငယ် ဆိုင်းတော်မူပြီးသော် ခရီးစဉ်အတိုင်း ကြွတော်မူလေ၏။

ပုဏ္ဏား၏မယား ဥတ္တရာသည် ထမင်းတောင်းကိုရွက်ကာ လယ်တောသို့အလာမှာ မျက်နှာချင်းဆိုင်မှ အရှင်သာရိပုတ္တရာကို မြင်လျှင် လမ်းဘေးသို့ဆင်း၊ ထမင်းတောင်းစလေးကိုအသာချ ခေါင်းခုကလေးကို ပခုံးပေါ်တင်ပြီး၊ ထိခြင်းကြီး ငါးပါးနှင့် ဝပ်တွားရှိခိုးယင်း စဉ်းစားသည်မှာ....

"ရှေးရှေးနေ့များက အရှင်မြတ်ကို တွေ့သည့်အခါ လှူစရာ မပါရှိ၍ မလှူခဲ့ရ။ ယခုအရှင်မြတ်ကိုလည်း ဖူးတွေ့ရသည်၊ လှူစရာ ဆွမ်းဘောဇဉ်လည်း အဆင်သင့်ပါရှိသည်။ ဒီတကြိမ် မလှူဖြစ်ယင် နောက်တခါ လှူနိုင်ဖို့ ခဲယဉ်းသည်။ ကြုံကြိုက်တုန်း လှူလိုက်မှ"

ဟု စိတ်ကိုယတိပြတ်ဆုံးဖြတ်ပြီး ထမင်းတောင်းထဲမှထမင်းခွက်နှင့် ဟင်းဘောဇဉ်တို့ကို ယူ၍ အရှင်မြတ်ထံပါး ရှိသေစွာ ချဉ်းကပ်ပြီးသော်...

"အရှင်မြတ်ဘုရား.... တပည့်တော်မအား သနား ကယ်မတော်မူပါသဖြင့် ဤဆွမ်းဘောဇဉ်တို့ကို ကြမ်းတမ်းသည်၊ မွန်မြတ်သည် သဘောမထားပဲ သဒ္ဓါလွန်ကဲ ပစ္စည်းမဲ့သော တပည့်တော်မအား ချီးမြှောက်တော်မူခြင်းဖြင့် တပည့်တော်မ၏ ဆွမ်းအလှူကို ခံယူတော်မူပါဘုရား" ဟု လျှောက်ထားလေလျှင် အရှင်သာရိပုတ္တရာသည် သပိတ်ဖုံးကိုဖွင့်ကာ ဆွမ်းအလှူကို ခံယူတော်မူ၏။

ထမင်းတဝက်ခန့် ရောက်လျှင် အရှင်မြတ်လည်း တန့်ပြီဟု သပိတ်ကို ဖုံး၏။

ထိုအခါ ဥတ္တရာက....

WWW.DHAMMARANSI.COM



ဥတ္တရာ၏ သဒ္ဓါတရား

“အရှင်ဘုရား-ဤဆွမ်းကား တယောက်စာဝလောက်ရှိမျှသာ ဖြစ်ပါသည်။ ချန်ထားခြင်းငှာမတတ်ကောင်းပါ။ တပည့်တော်မအား ယခုလောလောဆယ်အတွက် ငဲ့ညှာခြင်းပြုတော်မမူပါနှင့်

ဆင္ဃမအကြိမ်

WWW.DHAMMARANSI.COM



တမလွန်လောက နောင်သံသရာအတွက် ကာယံမ စောင့်ရှောက် ချီးမြှောက်တော်မူပါဘုရား"

ဟု လျှောက်ကြား၍ အကြောင်းအကျိုးမထား အားလုံးကိုပင် လောင်းလှူပြီးမှ....

"ဤကောင်းမှုကြောင့် ဆင်းရဲခြင်းမှ လွတ်အောင်းရသော အကျိုးကို ဒိဋ္ဌမမှ်ခံစားရပါလို၏ အရှင်ဘုရား" ဟု ဆုတောင်း၏။

အရှင်သာရိပုတ္တရာကလည်း—

"အသင် ဒါယိကာမ တောင့်တတိုင်း ပြည့်စုံစေ" ဟု ဆို၍ ရပ်လျက်ပင် တရားအနုမောဒနာပြုပြီးမှ ကြွတော်မူလေ၏။

ဥတ္တရာသည် စိတ်ကြံအတိုင်း လှူလိုက်ရသဖြင့် ဝမ်းမြောက် ဝမ်းသာ ပီတိဖြာလျက် အရှင်မြတ် ကြွသွားတော်မူသည်ကို မျက်စိတဆုံး ဖူးမြော်ကြည်ညိုလျက် ကျန်ခဲ့၏။

အရှင်မြတ်ကို မတွေ့မြင်ရတော့မှ လင်သားဖြစ်သူ အတွက် ထမင်းပြန်ချက်ရန် သတိရပြီး ကပျာကယာ တောင်းကလေးကို ခေါင်းပေါ်ရွက်ကာ အိမ်သို့ပြန်ပြေးပြီး ထမင်းကို ကမန်း ကတန်းချက် ထမင်းတောင်းကို ရွက်ပြီး လယ်တောသို့ အပြေး ကလေး လာခဲ့လေ၏။

## မယားလိမ္မာ ဥတ္တရာ

ပုဏ္ဏသည် အားကြီးမာန်တက် တမနက်လုံး နွားနှင့်အတူ ရုန်းကာ မနားတမ်း လုပ်ခဲ့ရသဖြင့် နွားလည်းပန်း လူလည်း ပန်း၊ နေကလည်းရင့်လာ၊ ထမင်းကလည်း ဆာသဖြင့် နွားတို့ ကို ဖြုတ်၍ လယ်ကန်သင်းဘေးရှိ သစ်ပင်ရိပ်ကြီးတွင် နားနေ

WWW.DHAMMARANSI.COM



ယင်း မိယားသည် ထမင်းပို့အလာကို စောင့်မျှော်ကာ နေရှာလေ၏။

မယားဥတ္တရာကလည်း အဝေးမှလှမ်းမျှော်၍ကြည့်ရာထမင်းဆာဆာနှင့် မယားသည် လာမည့်လမ်းကို မှန်းမျှော်ကာကြည့်နေသော လင်ဖြစ်သူ ပုဏ္ဏကို တွေ့မြင်လေလျှင် စိတ်တွင်း၌ စဉ်းစားသည်မှာ—

"ထမင်းဆာဆာနှင့် လင်တော်မောင် စိတ်ဆိုးပြီး ကြိမ်းမောင်းပါက လူခဲ့သော ဒါန ပါတရားညှိုးနွမ်း၍သွားတော့မည်။ လင်တော်မောင် စိတ်မဆိုးအောင် ကြံဆောင်မှ တော်တော့မည်" ဟု အဝေးကပင် မျက်နှာချိုသွေးအပြေးကလေးလာကာ လင်ဖြစ်သူ ပုဏ္ဏအနီးမှာ ထောင်ကာလေးကိုအသာချ၊ ခေါင်းခုသော အဝတ်ဖြင့် ချွေးကိုသုတ်ယင်း ပြုံးပြုံးကလေးနှင့်ပင်—

"အစ်ကို... ထမင်း သိပ်ဆာနေပြီထင်တယ်"

"ဆာရုံပေါ့ကွာ၊ နေမြင့်လှပြီပဲ"

"စိတ်မဆိုးနဲ့အစ်ကိုရှေ့၊ ဝမ်းမြောက် ဝမ်းသာ သာဓုသာခေါ်ပေတော့ အစ်ကိုရှေ့"

"ဘယ်လို ဘာပြောတယ်"

"ဩော်....ဒီလိုပါ၊ အစ်ကိုဆီ ထမင်းပို့လာတာ စောပါတယ်။ ထမင်းပို့လာယင်း လမ်းမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဖူးမြင်ရတော့ ကျွန်မတို့မှာ မရှိလို့မလှူရ၊ မလှူရလို့ဆင်းရဲ၊ ဆွမ်းခံချိန်နဲ့ လောင်းစရာ ဆွမ်းအဆင်သင့် ပါလာတာနဲ့ကြုံလို့ အရှင်မြတ်ကို ဆွမ်းလောင်း လှူပြီး အစ်ကို့ဖို့ ဆန္ဒမအကြိမ်

WWW.DHAMMARANSI.COM



တမန်းထတန်း အိမ်ပြန်ချက်ပြီး ယူခဲ့ရတာ။ သာခုသာခေါ်ပါတော့ အစ်ကိုရယ်"

"ဟင်....တယ်ဟုတ်ပါလား၊ ငါ့ဖလဲ မနက်စောစောက အရှင်မြတ် ကြွလာလို့ လှူစရာ ဘာမှမရှိတာနဲ့ သွားတိုက်ဖို့ တံပူတချောင်းလုပ်ပြီး သပိတ်ကို စင်စင်ဆေး၊ ရေကိုသန့်သန့်စစ်ပြီး "တံပူနဲ့ရေ" လှူလိုက်ရတာ စမ်းသာလို့မဆုံးဘူး။ သာခုသာခေါ်ပေတော့ ရှင်မရေ"

လင်မယားနှစ်ယောက် အပြန်အလှန် အမျှဝေကာ သာခုခေါ်ကြပြီး မယ်ဥတ္တရာ ခူးခပ်ကျွေးသောထမင်းကိုအလှူအတွက် လည်းဝမ်းသာ ဆာဆာနှင့် တဝ တနင့်စားလိုက်လေ၏။

ထမင်းစားအပြီး ဗိုက်ကလည်းလေး၊ နေကလည်းပြင်းသည်မို့ မယ်ဥတ္တရာ၏ ပေါင်ပေါ်တွင် အဝတ်ကလေး ခင်းကာ တမှေးမှေးယင်း မိမိရေအလှူနှင့် ဥတ္တရာ၏ ဆွမ်းအလှူကို ကြည်ညို သဒ္ဓါ ပီတိဖြာယင်း အိပ်ပျော်၍သွားရှာတော့၏။

## မြေစိုင်ခဲမှ ရွှေတုံးရွှေခဲ

ပုဏ္ဏသည် အိပ်ရာမှနိုးလေလျှင် အလုပ်ခွင်ပြန်ဝင်ရန် လယ်ကွင်းကို လှမ်းမျှော်၍အကြည့် မျက်စိထဲတွင် ထွန်ယက်ထားသော မြေစိုင်ခဲများ တဝင်းဝင်း တလက်လက် ဖြစ်နေသည်ကို မြင်တွေ့ရလေရာ....

"ရှင်မရေ....ငါ့မျက်စိတွေများပြာနေသလား၊ မြေကြီးခဲတွေ လက်လက်တောက်နေတာ မြင်နေရတယ်"

"ဟုတ်တယ်တော့၊ လယ်တကွင်းလုံး ဝင်းဝင်းတောက်နေပါကလား"

WWW.DHAMMARANSI.COM



ဟု အားရပါးရပြောကြယင်းလင်မယားနှစ်ယောက်အပြေး ကလေးသွားကာ မြေစိုင်ခဲကြီးများကို ကောက်ယူပြီး ကြည့်ကြ ရာမှ(မြေသားပဏတိမှ ရွှေသားအတိဖြစ်၍နေသည်)ကို ဝမ်း မြောက်ဝမ်းသာ တွေ့မြင်ကြရသဖြင့် လင်မယားနှစ်ယောက် ရွှေတုံးတွေကောက်ကာ လက်တွေမြှောက်လျက်အားရဝမ်းသာ ဖြစ်နေကြတော့၏။

ဘယ်လိုလုပ်ကြမလဲ

မယ်ဥတ္တရာက—

"အရှင်မြတ်ကို လှူရတဲ့အကျိုးဟာ ချက်ချင်း လက်ငင်းပြ တာပဲ" ဟု အားရဝမ်းသာပြောဆလရာ ပုဏ္ဏက ခဏစဉ်းစားပြီး

WWW.DHAMMARANSI.COM


"ရှင်မရေ ဒီလောက်များတဲ့ ရွှေတုံးရွှေခဲကြီးတွေကို တို့ဝှက်ထားလို့မရဘူး။ မင့်ထမင်းတောင်းကလေးယူခဲ့။ တောင်းနဲ့တလုံးထည့်ပြီး ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်မှဖြစ်မယ်"

ဟု လင်မယားနှစ် ယောက် ရွှေတုံးရွှေခဲများကိုတောင်းတွင်းထည့်ကာ ဗိမ္ဗိသာရမင်း နန်းတော်သို့ ဝင် ခွင့် တောင်းပြီး အကြောင်းစုံ လျှောက်ထားလေ၏။

"အရှင်မင်းမြတ်၊ ရွှေတုံးရွှေခဲအားလုံးကို သိမ်းယူရန် စေလွှတ်တော်မူပါဘုရား"

"မောင်မင်း ရွှေတုံး ရွှေခဲတွေက ဘယ်လောက် များမှာမို့လဲ"

"လှည်းအစီး ၁၀၀ စေလွှတ်တော်မူပါဘုရား"

မင်းကြီးသည် အမတ်တို့ကို အကြီးအကြပ်ပြုစေ၍ မင်းချင်းတို့နှင့်တကွ လှည်းအစီးတရာ စေလွှတ်ကာ လယ်ကွင်းမှရွှေတုံးရွှေခဲများကို သယ်ယူစေတော့၏။

### ပုဏ္ဏရွှေကွ၊ ပုဏ္ဏရွှေကွ

အမတ်များနှင့် မင်းချင်းတို့သည် လယ်တကွင်းလုံးမှ ရွှေတုံးရွှေခဲများ တွေ့မြင်ရသဖြင့် အားရဝမ်းသာ....

"ဘုရင်မင်းမြတ်ပိုင်တာပဲကွ၊ ဘုရင်မင်းမြတ်ပိုင်တာပဲကွ"

ဟု ကျုံးယူပြီး လှည်းပေါ်သို့ အတင်တွင် ရွှေတုံးရွှေခဲမှ မြေကြီးခဲများဖြစ်၍ သွားလေတော့သည်။

အမတ်ကြီးများသည် ဗိမ္ဗိသာရမင်းကြီးထံ သွားရောက်၍ လှည်းပေါ်သို့အတင်တွင် ရွှေတုံးရွှေခဲမှ မြေကြီးခဲများ ဖြစ်သွားပါကြောင်း မင်းချင်းတို့အား လျှောက်ကြားစေ၏။

ဆဋ္ဌမ အကြိမ်

WWW.DHAMMARANSI.COM



"မောင်မင်းတို့က ဘယ်လိုများပြောပြီး သယ်ယူကြလို့လဲ"

"မှန်လှပါ၊ ဘုရင်မင်းမြတ်ရွှေတွေဟု ပြော၍ သယ်ယူကြကြောင်းပါဘုရား"

"မိုက်လိုက်လေ။ ဒီလို လယ်တကွင်းလုံး ရွှေတုံး ရွှေခဲတွေ ဖြစ်တာဟာ ပုဏ္ဏတို့ လင်မယားရဲ့ ကောင်းမှုကံကြောင့် ဖြစ်တာကွယ့်။ ပြန်သွားကြချေ၊ ပြန်သွားကြချေ။ ပုဏ္ဏရဲ့ရွှေတွေလို့ပြောပြီး လှည်းပေါ်တင်ခဲ့ကြ"ဟု မင်းချင်းတို့အား ပြန်လည်၍ စေလွှတ်လိုက်၏။

မင်းချင်းတို့သည်—

"ပုဏ္ဏရဲ့ရွှေတုံးတွေ ပုဏ္ဏရဲ့ရွှေခဲတွေ"ဟု ပြော၍လှည်းပေါ်သို့ တင်ကြလျှင် ရွှေတုံး ရွှေခဲကြီးများ အတိုင်းပင် ဖြစ်နေ၍ လှည်းအစီးတရာတိုက်ခန့် နန်းရင်ပြင်၌ စုပုံ၍ထားလေ၏။

လူအပေါင်းတို့သည် တအံ့တဩ လာရောက် ကြည့်ရှုကြ၏။ ဗိမ္ဗိသာရမင်းကြီးက ပုဏ္ဏအား မောင်မင်းတို့လင်မယားကောင်းမှုကံကြောင့် ဖြစ်လာတဲ့ရွှေတွေကို မောင်မင်းတို့သာ သိမ်းယူပေတော့ဟု လွှဲအပ်တော်မူပြီး သဋ္ဌေးဘွဲ့ထူးနှင့်တကွ သဋ္ဌေးအဆောင်အယောင်ထီးကိုပါ ပေးအပ်လိုက်လေ၏။

## ရွှေအိုးများ ထပ်၍ ရပြန်ခြင်း

သဋ္ဌေးဘွဲ့ထူးနှင့် ရွှေတုံးရွှေခဲများ ရရှိသော်လည်း ပုဏ္ဏတို့ လင်မယားမှာ ထားစရာနေရာ မရှိသဖြင့် ဗိမ္ဗိသာရမင်းကြီးထံ လျှောက်ထားပြန်၏။

WWW.DHAMMARANSI.COM



"မှန်လှပါဘုရား။ ကျွန်တော်မျိုးတို့မှာ သူတပါးအိမ်နောက်တွင် တဲငယ်ထိုး၍ နေခဲ့ကြရသူများပါဘုရား။ ဤပစ္စည်းများထားရန် မြေကွက်များ ချီးမြှင့်ပေးသနားတော်မူပါ ဘုရား"

"ဟုတ်ပေတယ်သဌေးကြီး၊ ရာဇဂြိုဟ်မြို့ရဲ့အနောက်နားမှာ ရှေးသဌေးကြီးတဦး နေခဲ့တဲ့ မြေနေရာဟောင်းကို မောင်မင်းအပိုင်ယူပေတော့၊ ချုံနွယ်တို့ကို ခုတ်ထွင်ရှင်းလင်းပြီး သဌေးအဆောင်အယောင်နဲ့ ထိုက်တန်တဲ့ တိုက်ကိုသာ ဆောက်ပေတော့"

ပုဏ္ဏသည် အားရဝမ်းသာ ဘုရင်မင်းမြတ်ချီးမြှင့်သော မြေကွက်နေရာကိုလူငှားများဖြင့်ခုတ်ထွင်ရှင်းလင်းပြီးတိုက်ဆောက်ရန်မြေတူးရာမှ မြေကြီးအောက်တွင် ရွှေအိုးများ ထပ်မံတွေ့ရှိရပြန်သဖြင့်—

ဘုရင်မင်းမြတ်အား သွားရောက်လျှောက်ထားပြန်၏။

ဘုရင်မင်းမြတ်ကလည်း သဌေးကြီးပုဏ္ဏ၏ကုသိုလ်ကောင်းမှုကြောင့်ရသည့်ရွှေအိုးများဖြစ်၍ "သဌေးကြီးပုဏ္ဏပင်ပိုင်စေ" ဟု အမိန့်တော်ချမှတ်ပေးလိုက်၏။

ပုဏ္ဏသဌေးကား အိမ်ကိုအမြန်ဆောက်ပြီးသော် အိမ်တက်မင်္ဂလာကိုလည်းကောင်း၊ သဌေးအဖြစ် ဘုရင်မင်းမြတ် ချီးမြှင့်သော ထီးဆောင်းမင်္ဂလာကိုလည်းကောင်း၊ သမီးဥတ္တရာ၏နားထွင်းမင်္ဂလာတို့ကိုလည်းကောင်း ပြုလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူ၏။

မြတ်စွာဘုရားလည်း တရားအနုမောဒနာ ပြုတော်မူသော် ဒေသနာတော်၏အဆုံး၌ သားအမိ သားအဖ သုံးယောက်လုံးသည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ဆဌမအကြိမ်

အလုပ်ရှင်ပဟောင်းဖြစ်သော သုမနသဌေးနှင့်လည်း အတူ ပေါင်းသင်း မိတ်ဆွေရင်းအဖြစ် ရင်းနှီးချစ်ခင်စွာ နေထိုင်ကြ လေ၏။

ပုဏ္ဏကတို့သားအမိ သားအဖ သုံးဦးတို့မှာ စိတ်တူသဘောတူ လှူလိုက်ကြ၊ တန်းလိုက်ကြ၊ သီလကိုဆောက်တည်၊ တရားတော်ကို နာကြား၊ မေတ္တာဘာဝနာများ ပွားများလျက် နေထိုင်ကြလေသတည်း။

(ပုဏ္ဏဝတ္ထုပြီး၏။)

WWW.DHAMMARANSI.COM

# ဥတ္တရာနှင့်
# ပြည့်တန်ဆာမ သိရိမာ ဝတ္ထု

ဒေါသအမျက် ချောင်းချောင်းထွက်သူကို
မေတ္တာနှလုံး ကိုယ်ကသုံး၍အနိုင်ယူရ၏။
ကိုယ်စိတ်နှလုံး သုံးပါးစလုံး မကောင်းသူကို
သူတော်ကောင်းနှလုံး ကိုယ်ကသုံး၍ အနိုင်ယူရာ၏။
ကိုယ်ကလည်းမရှု၊ သူများရှုသည်ကိုလည်းဟန့်တား၊
စေးနှဲတွန့်တိုတတ်သော မစ္ဆရိယသမားကို၊
ကိုယ်ကပေးကမ်းခြင်းဖြင့် အနိုင်ယူရာ၏။
မမှန်စကား ပြောကြားလေ့ရှိသူကို
ကိုယ်က အမှန်စကားဖြင့်သာ အနိုင်ယူရာ၏။

(အကျဉ်း) ဒေါသကြီးသူကို မေတ္တာဖြင့်အနိုင်ယူ။ အကျင့်တန်သူကို စိတ်ကောင်းထား၍အနိုင်ယူ။ နှမြောတတ်သူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူ။ လုပ်ကြံပြောတတ်သူကို အမှန်စကားဖြင့် အနိုင်ယူ။

ဤဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ ဥတ္တရာ ဥပါသိကာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။


## ဝတ္ထုကြောင်းကား ဤသို့တည်း

သင်္ချေ့းသမီးဘဝ ရောက်ပြီဆိုလျှင် ဥတ္တရာသည် လှချင်တိုင်းလှ၍ နေသည်။

WWW.DHAMMARANSI.COM

ဓမ္မညွှာတရား ချက်ချင်းပွားနိုင်သဖြင့်
ဧတဒဂ်ရ ဥပါသိကာမ ဘွဲ့ထူးရ

# မေတ္တာပြင့်အနိုင်ယူသူ
# ဥတ္တရာနှင့်
# ပြည်တန်ဆာမ သိရိမာဝတ္ထု



ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



ခြံကြီး၊ အိမ်ကြီး၊ ဝင်းကြီးနှင့် ဥယျာဉ်ပန်းခြံ ရေကန်ခြေရံ သင်းပင်း အပေါင်းအသင်းနှင့် သားအမိသားအဖသုံးယောက်တို့သည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား လုပ်ကျွေးကြ၏။ တရားတော်ကိုနာယူကြ၏။

သီတင်းသီလကို ရှစ်ရက် လပြည့် လကွယ် မပြတ် ဆောက်တည်ကြ၏။

ဓမ္မတ္တာဘာဝနာကို အမြဲတမ်း ပွားများသူကလေး ဖြစ်၍ မျက်နှာမှာ ဝင်းထိန် ကြည်လင်လျက် မြင်သူတကာ မချစ်ပဲ မနေနိုင်။

ဤသို့ သားအမိ သားအဖ သုံးယောက်မှာ ဒါန သီလ ဘာဝနာနှင့် တစုတဝေးတည်း ပျော်ရွှင်ချမ်းမြေ့စွာ စိတ်တူ ကိုယ်တူ လူလိုက် တန်းလိုက် ဥပုသ်စောင့်လိုက်နှင့် ရှိနေကြရာမှ ကြမ္မာဆိုးက ဝင်လာသေးသည်။

သုမနသဌေးသည် သဌေးကြီးအိမ်သို့ဝင်ထွက်သွားလာယင်းက လိမ္မာယဉ်ကျေး နုလုံးအေးရသည့် သဌေးသမီးကလေး ဥတ္တရာကို သူ၏သား "နန္ဒ"နှင့် စေ့စပ်လာသည်။

သဌေးကြီးပုဏ္ဏက ခါးခါးသီးသီး ငြင်းလိုက်ရသည်။

အကြောင်းက သဌေးကြီးသုမနတို့မှာ ဘုရား တရား သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုမသိ။ မိစ္ဆာဒိဋ္ဌိကြီးဖြစ်၍ နေသောကြောင့်ဖြစ်သည်။

သုမနသဌေးကြီးက စိတ်ဆိုးသွားသည်။

ရာဇဂြိုဟ်မြို့ရှိ အခြားအခြားသော အပေါင်းအသင်းသဌေး အချင်းချင်းကို တိုင်ကြားသည်။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



ထို့ကြောင့် အခြား မိတ်ဆွေ သဌေးတို့က ပုဏ္ဏသဌေးထံ လာကြပြီး—

"အဆွေပုဏ္ဏ၊ အသင်နှင့် သုမနသဌေးတို့သည် ရင်းနှီးချစ်ခင် ကြသူများလည်း ဖြစ်သည်။ သုမနသဌေး၏ ကျေးဇူးနှင့်လည်း မကင်းခဲ့။ ချစ်ခင်သူချင်း စိတ်ခမ်းကွဲအောင်မပြုပါနှင့်။ သမီးဥတ္တရာနှင့် ထိမ်းမြား ပေးစားသင့်ပါသည်"ဟုတိုက်တွန်းကြသည်။

ထိုအခါ ပုဏ္ဏသဌေးက "အဆွေသဌေးမင်းတို့....သမီးဥတ္တရာသည် ရတနာသုံးပါးနှင့် ကင်း၍မနေနိုင်။ သူတို့မှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိသော ဘာသာအယူခြားသူများဖြစ်၍ ငြင်းပယ်ရခြင်းဖြစ်ပါသည်"ဟု ပြော၏။

ထိုအခါ မိတ်ဆွေသဌေးတို့က "အဆွေပုဏ္ဏ ယောကျ်ားဟူသမျှတို့သည် တသက်လုံး အယူလွဲသည်ချည်း မဖြစ်တန်ပါ။ အသင့် သမီး ဥတ္တရာသည် လိမ္မာရေးခြား ရှိပါသည်။ ဥတ္တရာ ဆွဲဆောင်နိုင်လျှင် ကိုယ့်ဘက်သို့ ပါလာနိုင်ပါသည်"

ထိုအခါ ပုဏ္ဏသဌေးကြီးက "အဆွေသဌေးမင်းတို့ ပြောစကားမှာ ဖြစ်နိုင်လောက်ပါသည်။ သို့သော် သမီး ဥတ္တရာမှာ ရတနာသုံးပါးနှင့် ကင်းကွာ၍ နေနိုင်သူမဟုတ်သဖြင့် ပေးစားရန် ခက်လှပါသည်"

ထိုအခါ မိတ်ဆွေသဌေးများက—

"ဒီအတွက်တော့ ကျွန်ုပ်တို့တာဝန်ယူပါမည်။ သုမနသဌေးမင်း၏သား နန္ဒနှင့် ဥတ္တရာကို ထိမ်းမြားပြီးလျှင် သူတို့နှစ်ဦးအတွက် သီးခြားအိမ်နေရာ ဆောက်လုပ်ကာ နေစေပြီး သမီးဥတ္တရာ၏ စိတ်တိုင်းကျ အိမ်တွင် မြတ်စွာဘုရားသခင်နှင့် သံဃာ

WWW.DHAMMARANSI.COM



တော်များ ပင့်ဖိတ် ဆွမ်းကျွေးခွင့်ရရန် ကတိဝန်ခံချက်တောင်းပါမည်။ သုမနသဌေးကြီးနှင့်သား မောင်နန္ဒတို့က ဤအချက်ကို လိုက်လျောမည်ဆိုလျှင် ပေးစားသင့်ပါသည်။ ချစ်ခင်သူချင်း မိတ်မပျက်ကြစေချင်ပါ”

ဟု ပြောဆိုကြပြန်ရာ ပုဏ္ဏသဌေးကြီးမှာ မိတ်ဆွေ သဌေးများ၏ လိုက်လျော ဝန်ခံချက်နှင့် အတန်တန် တိုက်တွန်းလာကြသဖြင့် မငြင်းဆန်သာတော့ပဲ (သမီး ဥတ္တရာအား ရတနာသုံးပါးကို ကိုးကွယ်ခွင့်ပေးပါလျှင် ပေးစားပါမည်)ဟု ဝန်ခံလိုက်ရလေတော့၏။

## ကြခတ် ဝါးရုံမြို့တွင်

ဤသို့ဖြင့် သုမန သဌေးသား မောင်နန္ဒနှင့် ပုဏ္ဏသဌေးသမီး ဥတ္တရာတို့ အတွက် ရာဇဂြိုဟ်ပြည် ကျေးလက် တောင်မျက်နှာတွင် ကြခတ် ဝါးရုံများ မြို့ပြင်၌ပေါက်၍ စိုက်သောကြောင့် “ဝေဠုကဏ္ဍက”အမည်ရှိသော ကြခတ် ဝါးရုံ၌ တိုက်အိမ် ပန်းခြံကြီးများဆောက်ကာ သဌေးကြီး နှစ်ဦးတို့၏ သားနှင့် သမီးတို့မင်္ဂလာသဘင်ကြီးကို ဝါ်ဆိုဦးအမီ ဆင်ယင်ကျင်းပလေတော့သတည်း။

## မယား ရခါစမို့

မောင်နန္ဒသည် အစစအရာရာ နူးညံ့သိမ်မွေ့ လှသော အလိမ္မာတုံးကလေး သည် ခံတတ်သော လိုက်လျောတတ်သော မယ် ဥတ္တရာကိုရ၍ ဝမ်းမြောက်ပျော်ရွှင်နေသည်။

မယားရခါစမို့ အနားကပင်မခွာခစချင်။ တပူး တွဲတွဲနှင့် ဆပ်၍သာ နေသည်။

WWW.DHAMMARANSI.COM


"မောင်ရယ်၊ ကျွန်မလေ... အဖေ့အိမ်မှာ တလကိုရှစ်ရက် ဥပုသ်စောင့်ပါတယ်။ နက်ဖြန် ရှစ်ရက်နေ့တရက်တော့ ဥပုသ်စောင့်ခွင့်ပေးပါနော်။ နက်ဖြန်လပြည့်နေ့မို့ ဥပုသ်စောင့်ခွင့်ပြုပါနော်" ဟု ဆိုသောအခါ ချစ်၍မဝနိုင်သော မောင်နန္ဒက....

"နှမရယ်၊ ချစ်လို့မှမဝသေးဘူး၊ ဒီဥပုသ်ကြီးက လာလာရှုပ်နေပြန်ပြီ။ နောက်တော့စောင့်၊ အများကြီးစောင့် အခုတော့ ဟဲ....ဟဲ....ဟဲ"

ဟုတောင်းပန်သလိုလိုခွဲသလိုလိုနှင့်ပြောလာပြန်သောအခါ လူတဘက်သားကို စိတ်မဆင်းရဲစေလိုသော ဥတ္တရာကသည်းခံ၍ လိုက်လျောရပြန်သည်။

ဤသို့ဖြင့် ဘုရားကိုလည်းမဖူးမြင်ရ။ သံဃာကိုလည်း မဖူးမြင်ရ။ ဥပုသ်သီတင်းလည်း မစောင့်သုံးရ။ တရားတော်ကိုလည်း မနာကြားရ။ အလှူဒါနလည်း မပြုရနှင့် တစတစ ရက်တွေကြာညောင်း၍လာလေ။ ဥတ္တရာမှာ ပို၍ စိတ်ဆင်းရဲလာလေဖြင့် မင်္ဂလာဆောင်သည့်ရက်မှ နှစ်လခွဲသို့ပင် ရောက်ခဲ့ပါပြီ။

ထိုနေ့ မောင်နန္ဒ အလစ်တွင် အိမ်တော်ပါ အထိန်းတော်ကြီးအား ခေါ်၍ ...

"အစ်မရယ်... သီတင်းကျွတ်ဖို့ ဘယ်နှစ်ရက် လိုတော့သလဲ"

"တဆယ့်ငါးရက်ပဲ လိုတော့တယ် သခင်မလေးရဲ့"

ဥတ္တရာမှာ ပို၍စိတ်မကောင်းဖြစ်ရပြန်သည်။ သီတင်းကျွတ်ဖို့ ၁၅ ရက်ပင် လိုတော့သည်။

ရဟန်းသံဃာလည်း မဖူးရ။ သီတင်းသီလလည်းမစောင့်ရ။ အလှူဒါနလည်း မပြုရ။ လူ့ဘဝ လူဖြစ်ကျိုးရှုံးပါပေါ့ကလား ဟု ယူကျုံးမရ ဖြစ်မိတော့သည်။

WWW.DHAMMARANSI.COM



သို့ကြောင့်ပင် စာတစောင် ကောက်ရေး၍ အိမ်တော်ပါ အထိန်းတော်ကြီးအား ဖခင်သဌေးထံအမြန်သွား၍ စာပေးရန် တိတ်တဆိတ် စေလွှတ်လိုက်သည်။

## ပုဏ္ဏသဌေးကြီး၏ အကြံဉာဏ်

သမီးထံမှ လူထောက် လွှတ်လိုက်သဖြင့် ပုဏ္ဏသဌေးကြီးမှာ ထိတ်ထိတ်ပျာပျာနှင့် သမီး၏စာခွေကို ဖြေ၍ဖတ်လေ၏။

ကျေးဇူးရှင် မိခင်ဖခင်တို့ဘုရား

သမီးကို ဆင်းရဲသားအိမ်မှာ ကျွန်အဖြစ်နဲ့ ထည့်လိုက်တာကကောင်းပါဦးမယ်၊ အခုတော့သမီးမှာဘုရားကိုလည်း မဖူးရ၊ တရားကိုလည်းမနာရ၊ သံဃာကိုလည်း မမြင်တွေ့ရ၊ သီလလည်း မဆောက်တည်ရ၊ ဒါနလည်း မပြုရ၊ သီတင်းဝါလကျွတ်တော့မည်၊ သမီးစိတ်ဆင်းရဲလှပါသည်၊ ကယ်ပါဦး အဖေနဲ့ အမေတို့ရယ်။

သမီးချစ် ဥက္ကာရ

သဌေးကြီးနှင့် သဌေးကတော်တို့မှာ သမီး၏စာ ဖတ်ရပြီး မျက်ရည်ကျမတတ် ဖြစ်ကြရသည်။

တရားရှိသူများမို့ ဒေါသကို သိမ်းဆည်းနိုင်ကြသည်။ ပုဏ္ဏသဌေးကြီးသည် အေးအေးဆေးဆေး စဉ်းစားသည်။

ထို့နောက် အခန်းတွင်းသို့ ဝင်၍ အသပြာအိတ်ကို ဆွဲ၍ ထွက်လာကြသည်။

"မယ်စာ၊ သေသေချာချာနားထောင်သွားနော်၊ ဒီအထဲမှာ အသပြာတသောင်းငါးထောင်ပါတယ်၊အဲဒါယူသွား၊ရာဇဂြိုဟ်

WWW.DHAMMARANSI.COM



မြို့မှာ တနေ့ အသပြာ တထောင်ပေးပြီး ပျော်ပါးရတဲ့ သီရိမာ ပြည့်တန်ဆာမဆိုတာရှိတယ်။ သမီးကိုယ်တိုင် သီရိမာ ပြည့်တန်ဆာမဆီကို ရောက်အောင်သွားပြီး ငွေတသောင်း ငါးထောင်နဲ့ တဆယ့်ငါးရက်ငှားခဲ့၊ မောင်နန္ဒကို သီရိမာနဲ့အစား ထိုးပေးပြီး တဆယ့်ငါးရက်ဥပုသ်စောင့်ဖို့ ခွင့်တောင်းပေတော့ လို့ ပြောလိုက်၊ မှတ်မိတယ်မဟုတ်လား”

“မှတ်မိပါတယ် သဌေးမင်း”

“အေး ဒီအတိုင်းလုပ်၊ သွားပေတော့”

အထိန်းတော်မစာသည် အသပြာထုပ်ပိုက်၍ ထွက်ခွာသွား သည်ကို သဌေးကြီးနှင့် သဌေးကတော်တို့မှာ ငေးမှိုင်၍ ကြည့် နေယင်းက “ဒီအကြံအတိုင်း အောင်မြင်ပါစေ”ဟု စိတ်ထဲမှ ဆုတောင်းယင်း ကျန်ရစ်ခဲ့ကြတော့သည်။

မူရာစုံတဲ့ ရူပါရုံရှင်မကလေး

သီရိမာပြည့်တန်ဆာမ ဆိုသည်မှာ နှယ်နှယ်ရရမဟုတ်၊ ရာဇ ဂြိုဟ်ပြည်သာမက အပြည်ပြည် ကျော်ကြားသည့် အလှဘုရင်မ ကလေးဖြစ်သည်။ မာယာလေးဆယ် ကြွယ်ဝအောင်သင်ကြား တတ်မြောက်ပြီးသူလည်း ဖြစ်သည်။

ချောလိုက်သည် လှလိုက်သည်မှာလည်း ရွှေရုပ်ကလေးလို အုံနေတော့သည်။

ကြီးကြီးငယ်ငယ်ယောကျ်ားမှန်သမျှ သီရိမာအတွက်ဆိုလျှင် အသပြာတထောင်ထုပ် ဖုတ်ကနဲကျလာသည်။

အတိုင်းတိုင်းအပြည်ပြည်မှမင်းညီမင်းသားတို့မပြတ်ဝင်ထွက် သွားလာကြသည်။ သီရိမာကြောင့် ရာဇဂြိုဟ်မြို့ကြီးသည်အနယ် နယ်မှ အရောင်းအဝယ် ဧည့်သည်များနှင့် စည်ကားနေသည်။

WWW.DHAMMARANSI.COM



သီရိမာသည် ရာဇဂြိုဟ်ပြည်၏ အဆင်တန်ဆာတခုဖြစ်သည်။ ထို့ကြောင့်ပင် သီရိမာကို ပြည့်တန်ဆာဟု ခေါ်ကြသည်။

သီရိမာအတွက်တိုက်တာအိမ်ခြံ အခြွေအရံ ဥယျာဉ် ပန်းမန်နှင့် အတင့်အတယ်ထားရှာ၏။

ဥတ္တရာသည် ဖခင်မှာစကားအတိုင်းနေ့လယ်ခင်း မောင်နန္ဒအိပ်ပျော်ခိုက်တွင် အသပြာတသောင်းငါးထောင်ထုပ်ကို ပိုက်၍ မြင်းလေးကောင်ကသော ရထားလုံးဖြင့် သီရိမာထံသွားသည်။

ယောကျ်ား ညှော်သည်များသော လာလေ့ရှိသော သီရိမာ၏ ညှော်ခန်းဆောင်သို့ အမျိုးသမီး ညှော်သည်တယောက် ရောက်နေသည်ဆို၍ သီရိမာ အံ့သြမိတော့သည်။ ထို့ကြောင့် ညှော်ခန်းဆောင်သို့ ထွက်၍လာသည်။

“လာယင်းကိစ္စကို သိပါရစေလားရှင်”

“ဒီလိုပါ ညီမရယ်။ အစ်မကပုဏ္ဏသဋ္ဌေးကြီးသမီးပါ၊ သုမနသဋ္ဌေးသား ကိုနန္ဒနဲ့ ဝါဆိုဦးက မင်္ဂလာ ဆောင်နှင်းကြပြီး ရာဇဂြိုဟ်တောင်ဘက်ဖျားက ကြခတ်ဝါးရုံမြို့ကလေးမှာ နေကြပါတယ်။ အစ်မက သီလဆောက်တည်ချင်တယ်။ ကိုနန္ဒကခွင့်မပြုနိုင်ဖြစ်နေတယ်။ အခု သီတင်းကျွတ်ဖို့ ၁၅ ရက်ပဲ လိုတော့တယ်။ အဲဒီ ၁၅ ရက်မှာ အစ်မက အလှူဒါနပြုချင်တယ်။ သီလဆောက်တည်ချင်တယ်။ တရားနာချင်တယ်။ အဲဒါကို ညီမက ကူညီပါလို့ တောင်းပန်ရအောင်လာတာပါ။ အစ်မကို ကူညီပါ ညီမရယ်”

သီရိမာသည် ရာဇဂြိုဟ်ပြည်၌ ဘုရား၊သာခင် သီတင်းသုံးနေသော်လည်း ပြည့်တန်ဆာအလုပ်ဖြင့် ကာမဂုဏ်၌ နစ်မွန်းနေသူကလေးဖြစ်သောကြောင့် ဘုရားသံ တရားသံနှင့် ဝေးနေသော

WWW.DHAMMARANSI.COM



ဥတ္တရာ၏ စကားကိုကြားရသောအခါ မသိမသာ မဲ့ပြုံးကလေး ပြုံးလိုက်ပြီး....

"ဆိုစမ်းပါဦး၊ ကျွန်မက ဘယ်လိုကူညီရမှာလဲ"

"ဒီလိုပါ။ ဒီ ၁၅ ရက်မှာ အစ်မခင်ပွန်း ကိုနန္ဒကိုပြုစုလုပ်ကျွေးပေးဖို့ပါပဲ။ အဲဒီ ၁၅ ရက်အတွက် အသပြာ သောင်းငါးထောင်ပါလာပါတယ်"ဟု အသပြာထုပ်ကို သိရိမာရှေ့သို့ အသာတွန်း၍ ပို့လိုက်၏။

သိရိမာက အသပြာထုပ်ကိုတချက်စိုက်ကြည့်လိုက်ပြီးနောက်

"တန့်ရာတန်ဖိုးပေးတာပဲ ပြုစုပေးရမှာပေါ့"

ဥတ္တရာသည် အကြံအောင်တော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး "ကျေးဇူးတင်လိုက်တာ ညီမရယ်"

သိရိမာက မဲ့ပြုံးပြုံးပြီး...

"တန်ရာတန်ဖိုးပေးငွေတာ အထူးကျေးဇူးတင်နေစရာမလိုဘူး ထင်ပါတယ်"

"အဟုတ်ပါ ညီမရယ်။ ညီမကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"ဟုတ်ပါပြီလေ ကျွန်မဘယ်နေ့က စလာရမှာလဲ"

"ဒီနေ့ညနေ လာနိုင်မလား"

"လာနိုင်ပါတယ်။ ကျွန်မ ၁၅ ရက်စာ အဆင်တန်ဆာ အစုံယူပြီး လာခဲ့ပါမယ်"

"ကျေးဇူးတင်လိုက်တာ ညီမရယ်။သိပ်ကျေးဇူးတင်တာပဲ"

ဥတ္တရာက မိမိ၏ကုသိုလ်ရေးကြီး အောင်မြင်အောင် ကူညီနိုင်မည့်သူဖြစ်၍ တကယ်ပင် နှလုံးသားမှ သိရိမာအပေါ် အလွန်အကြူး ကျေးဇူးတင်နေသည်။

ဆင့်မအကြံ

WWW.DHAMMARANSI.COM



သီရိမာကတော့ တန်ဆာတန်ကြေး ပေးငှားတာပဲ၊ ကျေးဇူးတင်စရာမလိုဟု ယူဆသည်။ ဥတ္တရာ၏ ကျေးဇူးတင် စကားမှာ လောကုတ္တရာစကားသာဟု ထင်နေသည်။

ဥတ္တရာနှင့် အထိန်းတော် မစာတို့သည် သီရိမာကို နှုတ်ဆက်၍ ဝမ်းမြောက်ဝမ်းသာ ပြန်ခဲ့ကြတော့သည်။

မာယာလေးဆယ် အလှကြွယ်သူကလေး

ဥတ္တရာသည် တိုက်တံခါးဝမှ မျှော်နေသည်။

မြင်းရထားတစီးသည်တံခါးဝသို့ထိုးဆိုက်လာသည်။ဥတ္တရာသည် အားရဝမ်းသာ လှေကားရင်းမှ ဆင်း၍ကြိုသည်။

အစွမ်းကုန်အလှခြယ်ကာပြင်ဆင်၍လာသည့်သီရိမာ၊ရထားတံခါးကိုဖွင့်၍ဆင်းလိုက်သည်နှင့် ဥတ္တရာပင်အံ့အားသင့်ရသည်။

ဖိုသတ္တဝါ ယောကျ်ားများကို မဆိုထားနှင့်၊ မိန်းမချင်းပင် ချစ်ခင်စိတ် ပေါ်လာအောင် လှနိုင်လွန်းပါပေသည်။

ရုပ်ရည်ကို ဗန်းပြ၍ အခစားရသူဖြစ်သဖြင့်လည်း အလှပြင်သည့် ပညာ သေသေချာချာ သင်ယူခဲ့သူသီရိမာမှာ ယမင်းရုပ်အလေးပမာ လှချင်တိုင်းလှနေသည်။

ဥတ္တရာက ဖော်ဖော်ရွေရွေပင်—

"လာ လာ... ညီမ၊ မျှော်နေတာနဲ့ အဆင်သင့်ပဲ"

တဆက်တည်းပင်—

"မစာရေ....ညီမရဲ့ပစ္စည်းသေတ္တာ ယူခဲ့ပါကွယ်"

ဥတ္တရာသည် သီရိမာကို လက်ချင်းတွဲကာ အပေါ်ထပ်သို့ ခေါ်သွားသည်။

မောင်နန္ဒမှာ ဥတ္တရာ အနီးမှာမရှိ၍ ဘယ်ကိုများ သွားနေသလဲဟု စဉ်းစားနေစဉ် ခြေသံကြား၍ လှမ်း အကြည့်တွင်

WWW.DHAMMARANSI.COM



ဥတ္တရာကိုမြင်ပြီး ဥတ္တရာနှင့်အတူပါလာသော ယမင်းရုပ်ကလေးကို မျက်စိမှုမခွာနိုင်အောင် ဖြစ်တော့သည်။

မာယာလေးဆယ် အတတ်ကို လက်ထပ် သင်ထားခဲ့သော သိရိမာအဖို့ ဖိုသတ္တဝါ ယောကျ်ားသားကို ဖမ်းစားရန် ခြေလှမ်းဟန်ကာအစ ကာနွဲ့ကလျှနှင့် ရှေ့သို့ တလှမ်းချင်း လှမ်းလာနေသည်။

မောင်နန္ဒ၏ မျက်စိထဲတွင် ဥတ္တရာပျောက်၍ သိရိမာ တယောက်တည်းသာ မြင်နေသည်။

သိရိမာကိုသာ မျက်စိက မခွာနိုင်ပဲရှိနေသည်။

"အစ်ကိုရေ..."

"အမယ်လေး... လန့်လိုက်တာ"

WWW.DHAMMARANSI.COM



တိုးတိုးညင်သာ ပြောလိုက်သော ဥတ္တရာ၏ အသံသည်ပင် အမြောက်သံ ထင်သလားမသိ၊ မောင်နန္ဒ လန့်၍အော်မိသည်။

သီရိမာက မသိမသာ နှုတ်ခမ်းကလေး လှုပ်ရုံမျှ ပြုံးလိုက်သည်။

ဥတ္တရာက ဆက်၍...

"အစ်ကိုရေ သီတင်းကျွတ်ဖို့ ၁၅ ရက် လိုတော့တယ်"

"ဒါ ဘာဖြစ်သလဲ"

"အဲဒီ ၁၅ ရက်မှာ ကျွန်မ ဥပုသ် သီတင်းစောင့်ပြီး ဘုရားရှင်နဲ့ သံဃာတော်တွေကို...."

ဥတ္တရာ၏စကားမဆုံးမီပင် မောင်နန္ဒက...

"တော်၊ တော်၊ ဒီစကား"

"နားထောင်ပါဦး အစ်ကိုရယ်၊ အဲဒီ ၁၅ ရက် အတွက် ဟောဒီ ညီမက အစ်ကို ကို ကျွန်မ့ကိုယ်စား ပြုစုလုပ်ကျွေးပါ လိမ့်မယ်"

မောင်နန္ဒသည် သီရိမာကိုလှမ်းကြည့်သည်၊ သီရိမာက မျက်တောင်ကော့ကြီးအောက်မှ သမင်မျက်လုံးကလေးနှင့် မောင်နန္ဒကို ခပ်စွေစွေကလေး ကြည့်လိုက်သည်။

သီရိမာ၏ ဤလိုအကြည့်မျိုးကို ဘယ်ယောကျ်ားသားမှ မခံနိုင်၊ မောင်နန္ဒ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဥတ္တရာက မောင်နန္ဒ၏အတွင်းစိတ်ကိုဒက်ကနဲသိလိုက်သည်။

သီရိမာ၏ မျက်လုံးတချက် ပင့်သည့်ဒဏ်ကို မောင်နန္ဒမခံနိုင်တော့ပါ။

ဥတ္တရာက ဝမ်းတွင်းမှ ပြုံးမိသလောက်လည်း သီရိမာကို အတိုင်းအဆမရှိ ကျေးဇူးတင်နေမိသည်။

ဥတ္တရာ့ဘက် လှည့်လာ မဝေးသေးပေါ်ပါချေ။ သိရိမာ၏ပြင်းအဆင် နှင့် မာယာကြွယ်မှုကြောင့်သာ မောင်နန္ဒကျရသည်။ သော်၏ မိန်းမစားမျိုးနှင့် အစားကို ပေးလျှင် မောင်နန္ဒ ခါးခါးသီးသီး ငြင်းပေမည်။ ငြင်းလိုက်လျှင် ပြဿနာ။

ထို့ကြောင့် ဥတ္တရာသည် သိရိမာအပေါ် လိုက်လိုက်လွဲလွဲကြီး ကျေးဇူးတင်မိသည်။

သိရိမာသည် ကိုယ်ကလေးကိုယို့လိုက်ရာ မောင်နန္ဒရင်ခွင်ထဲ ကျတော့မယောင်။

မောင်နန္ဒက စိုက်ကြည့်မိသည်။

သိရိမာက မဲ့တရို့ကလေး ပြန်ကြည့်နေသည်။ သိရိမာ၏ ကိုယ်မှ နံ့သာရနံ့တို့သည် မောင်နန္ဒ၏ နှာခေါင်းဝသို့ စူးဝင်လာသည်။

မောင်နန္ဒသည် အနီးမှာ ဇနီးသည် ဥတ္တရာရှိနေသည်ကိုပင် မေ့နေသလားမသိ။ သိရိမာကို စူးစူးဝါးဝါးကြည့်နေမိသည်။ နောက်တခါမျှား ကိုယ်ကလေးတချက်ယို့လိုက်လျှင်—

တကယ်တော့ သိရိမာက နောက်ထပ်ယို့လိုက်ဖို့ စိတ်မကူးပါ။ သည်တွင်တော်ပါပြီ။ ဒါကမာယာလေးဆယ်မှ တခုသော ပညာပါ။

"အစ်ကို"

"ဗျာ....ဗျာ....ဗျာ"

ဥတ္တရာ၏ခေါ်သံကြောင့် လန့်ဖျပ်ထူးလိုက်မိသည်။

"ကျွန်မကို ခွင့်ပြုနော်၊ ဟောဒီညီမကို ထားခဲ့မယ်"

"အင်း"

မောင်နန္ဒ၏"အင်း"သံမှာ သဘောကျသော"အင်း"သံ

WWW.DHAMMARANSI.COM



လှား၊ သဘောမကျသော "အင်း" လား ဆိုသည်ကို သုံးယောက်စလုံး သိလိုက်ကြပါသည်။

"ကျေးဇူးကြီးလိုက်တာ ညီမရယ်၊ အစ်မ သွားမယ်နော်"

သီရိမာက မသိမသာမဲ့၍ ခေါင်းညိတ်လိုက်သည်။ သီရိမာ စိတ်တွင် ကျေးဇူးတင်စကား ခဏခဏကြားရ၍ နားခါးလှသည်။ ဥတ္တရာသည် ကြည်နူးဝမ်းမြောက်သောစိတ်ဖြင့် အခန်းထဲမှ လျှပ်တပြက်ထွက်သွားပြီး အခန်းတံခါးကို စေ့လိုက်ကာ ထိုအခန်းကို ကျော်ခိုင်းထွက်သွားသည်။

## မမောနိုင်မပန်းနိုင် ချေးတဖိုင်ဖိုင်

ဥတ္တရာသည် အထိန်းတော်ကြီး မစာကို ချက်ချင်း မြတ်စွာဘုရားနှင့် သံဃာတော် ငါးရာကို ပင့်ရန် ဝေဠုဝန်ကျောင်းတော်သို့ စေလွှတ်၏။

အိမ်တွင်းရှိ အခြွေအရံများအားဈေးဝယ်သူဝယ်၊တညလုံးချက်ပြုတ်ကြရန် စီမံခန့်ခွဲလိုက်သည်။

မစာပြန်လာသောအခါ နက်ဖြန်နံနက် မြတ်စွာဘုရားသခင်နှင့်တကွ သံဃာတော်ငါးရာကြွလာမည်ဖြစ်ကြောင်း သိရသည်။ အတိုင်းမသိ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ စိတ်တွင်းမှ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ရည်မှန်း၍ လက်အုပ်ချီကာ ပူဇော်လိုက်မိသည်။

သည်လို လှူခွင့်တန်းခွင့် ရအောင် သီလ ဆောက်တည်နိုင်အောင် တရားတော်ကို နာကြားနိုင်အောင် ဖြစ်လာသည်မှာ သီရိမာကြောင့်သာဟု သီရိမာအပေါ် မေတ္တာဓာတ်များဖြန့်ဝေ[...]က်သည်။

## ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



နောက်နေ့မှစ၍ပဝါရဏာနေ့အထိ တရားတော်ကို နာကြားရသည်။ သီလဆောက်တည်သည်။ သံဃာတော်တို့ကို မပြတ်ဆွမ်းကပ်လှူရသည်။

ဥတ္တရာသည် နေ့စဉ်နှင့်အမျှ ချက်ရေးပြုတ်ရေးတွင် ကိုယ်တိုင် ဝင်ရောက် ချက်တန်သည်ချက်၊ ကိုယ်တိုင်ပင်ချက်ရပြုတ်ရ စီမံခန့်ခွဲရသည်မှာ မမောနိုင်၊ မပန်းနိုင် ပျော်၍သာ နေသည်။

နက်ဖြန်ပင် သီတင်းကျွတ်၍ ပဝါရဏာ ပြုကြတော့မည်။ ယနေ့ စီမံချက်ပြုတ်ရသည်မှာ နောက်ဆုံးရက်ဟု အားကြိုးမာန်တက် ချက်ပြုတ်သည်။

ခဲဖွယ် ဘောဇဉ်အတွက် ထောပတ်ဆီများဖြင့် မုန့်များကို ကြော်လှော်နေကြသည်။

ဤဒါနအမှုသည် နက်ဖြန်တရက်သာကျန်ပါတော့ကလား။ သန်ဘက်ခါဆိုလျှင် ကာမဂုဏ်ညွန်ဗွက်တွင်း ဆင်းရတော့မှာပါကလားဟု တွေးမိသောအခါ ငရဲသို့ကျရမည်လောက် တုန်လှုပ်၍သွားမိသည်။

## ညွန်ဗွက်တွင်းမှ သူတို့နှစ်ယောက်

ကာမဂုဏ်၏အရသာသည်သာ လူ့လောကစည်းစိမ်အစစ်ဟု ထင်မှတ်နေကြသော မောင်နန္ဒနှင့် သီရိမာတို့မှာကား ဘက်ညီလှသည်။

သီရိမာသည် မိမိ၏စည်းစိမ်ချမ်းသာထက် အဆမတန် ကွာခြားသော မောင်နန္ဒတို့၏ စည်းစိမ်ချမ်းသာကို ခံမင်မိသည်။

ယောကျ်ားတယောက်တည်း တဆယ့်ငါးရက်တိုင်တိုင် ပြုစုလုပ်ကျွေးရသည်မှာ သီရိမာတသက်တာ ဤတကြိမ်သာကြုံဖူးသေးသည်မို့ လည်း မောင်နန္ဒအပေါ် ခင်မင်မိသည်။ တွယ်တာ

WWW.DHAMMARANSI.COM



မိသည်။ ကိုယ်ပိုင်လင်သားဟု ထင်လာမိသည်။ မောင်နန္ဒလို သဒ္ဓေးကလေးကိုသာ အပိုင်ရလျှင် လူတကာနှင့် ဆက်ဆံရသော ဘဝမှ ကျွတ်လွတ်မည်။ အေးချမ်းသာယာစွာနေရမည်။ ယခု တဆယ့်ငါးရက်ကလေးမှာပင် အလွန်အေးချမ်းသာယာလှပါ ကလားဟုတွေးယောင်းက "တဆယ့်ငါးရက်၊ တဆယ့်ငါးရက်" ဟု ရေရွတ်မိကာ နက်ဖြန်တရက်သာ မောင်နန္ဒနှင့် နေရတော့မှာပါကလားဟု တွေးမိသောအခါတွင် သီရိမာ တုန်လှုပ်လာသည်။ သူ့မှာ ကိုယ်ပိုင် ဇနီးနှင့်ပါကလား။ ဥတ္တရာ... ဥတ္တရာ။

မောင်နန္ဒ၏ ဇနီးဖြစ်သော ဥတ္တရာအပေါ်တွင် မနာလို ဝန်တိုစိတ် ဖြစ်မိသည်။ ဥတ္တရာရှိနေပေလို့သာ ဥတ္တရာသာ မရှိယင် မောင်နန္ဒကို အပိုင်ရနိုင်သည်။

သီရိမာသည် စဉ်းစားနေမိယင်း မောင်နန္ဒ သူ့အနားတွင် မရှိမှန်း သတိထားမိသောအခါ ပြတင်းပေါက်မှ လှမ်းမျှော် ကြည့်နေသည့် မောင်နန္ဒကို တွေ့လိုက်၏။

မောင်နန္ဒသည် ပြတင်းပေါက်မှလှမ်းမျှော်ကြည့်ရာတွင်ချွေး တလုံးလုံးနှင့်ချက်ပြုတ်လုပ်ကိုင်နေသောဥတ္တရာကိုမြင်လေလျှင်—

"မိုက်လိုက်တဲ့မိန်းမ၊ စည်းစိမ်ချမ်းသာနဲ့ နေရပါလျက်ကနဲ့ မီးဖိုထဲမှာ ချွေးတလုံးလုံးနဲ့ ရဟန်းဂေါတမကိုကျွေးဖို့ ချက် နေလိုက်တာ" ဟုစိတ်တွင်းမှရေရွတ်လျက်ကဲ့ရဲ့ပြုံးပြုံးကာ ပြတင်း ပေါက်မှ ထွက်ခွာလာလျှင် သီရိမာကမောင်နန္ဒဘာကိုမြင်လို့ရယ် သလဲဟု သိချင်ဇောဖြင့် ပြတင်းပေါက်သို့ အပြေးလာ၍ လှမ်း အကြည့် ချက်ပြုတ်လုပ်ကိုင်နေသော ဥတ္တရာကိုမြင်ရလေလျှင်—

"ခြော်... သူကငါ့လင်ကိုမြှူနေတာကို" ဟု မိမိ၏ အငှား မယားဘဝကိုပင် သတိမရတော့ပဲ ထာဝရမယားဥတ္တရာအပေါ်

ဖေါ်သထွက်ပြီး နောက်ဖေးလှေကားမှ အပြေးဆင်းလာ သွား လေ၏။

## မေတ္တာစေတ်၏ စွမ်းအင်

ဥတ္တရာသည် သီရိမာဆင်း၍ အပြေးကလေးလာနေသည်ကို မြင်လိုက်ရကတည်းက...

"သြော်... ငါ့ကျေးဇူးရှင်မကြီး။ ငါ့လင်ကို သုပ္ပုံလို့သာ ငါမှာ ဒါန၊ သီလ၊ ဘာဝနာကို ပြုခွင့်ရပေတယ်။ ကျေးဇူး ကြီးလှပါပေတယ်" ဟု စိတ်ထဲမှ အတိုင်းမသိ ကျေးဇူးတင်နေ ခိုက်တွင် သီရိမာသည် မုန့်ကြော်သော ထောပတ်ဆီပူအိုးကြီး ထဲမှ ပွက်ပွက်ဆူနေသော ဆီပူကို မှုတ်ဖြင့်ခပ်ကာ၊ မိမိထံဒေါ်သ ထန်သော မျက်နှာဖြင့် လာသည်ကို ဥတ္တရာ မြင်ရသည့်အခါ "ငါ့ကိုရန်ပြုတော့မည်" ဟု သိလိုက်သည်နှင့် တချက်တည်း...

"ငါ့အပေါ်မှာ သီရိမာ၏ကျေးဇူး ကြီးလှပါသည်။ သီရိမာကို ငါ့အမျက်မထွက်သင့်၊ အကယ်၍ အမျက် ထွက်မိလျှင် ယခုလောင်းမည့် ဆီပူသည် ငါ့ကိုလောင် ကျွမ်းပါစေသတည်း။ အကယ်၍ ငါ့အမျက် မထွက် လျှင် နံ့သာရည်ပျောင်းကို သွန်းလောင်းလိုက်သည့် ပမာ အေးမြပါစေသတည်း" ဟု မနော အဓိဋ္ဌာန်ဖြင့် သီရိမာအပေါ်၌ မေတ္တာပွား၍ ဣန္ဒြေမပျက် ရပ်လျက်ပင် သီရိ မာ လောင်းချလိုက်သည်ကို ခံ၍သာနေ၏။

မေတ္တာ၏အာနုဘော်အဟုန်ကြောင့် တစုံတရာမျှ ပူလောင် ခြင်းမရှိ။ ပကတိရေချမ်းဖြင့် လောင်းချနိုးသကဲ့သို့သာ ဖြစ်၏။

သီရိမာက ဤဆီပူသည် ငါ့အယူနှေး၍ အေးသွားဟန်ရှိပေ သည်ဟု နောက်တကြိမ် ဆီပူခပ်ရန် အသွား စောစော က

WWW.DHAMMARANSI.COM



အမှတ်တမဲ့မို့ အံ့အားသင့်ကာ ကြည့်နေမိကြသော ဥတ္တရာ၏ အခြွေအရံများက သီရိမာကိုလမ်းမှဆီး၍ ဖမ်းကာ ထုထောင်း ရိုက်နှက်ကြတော့၏။

ထိုအဖြစ်ကို ဥတ္တရာမြင်လေလျှင်....

"ငါ့ကျေးဇူးရှင်ပါ၊ မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့" ဟု အော်ဟစ်တားမြစ်ယင်း အပြေးလာရာ ဒေါသဖြစ်နေကြသော သူတို့ကို တား၍မရသဖြင့် ဥတ္တရာကိုယ်တိုင် လူအုပ်ကြားအတင်း ဝင်၍ သီရိမာကိုယ်ပေါ် ပစ်လှဲ၍ခံလိုက်မှ ရိုက်နှက်သူတို့ရပ်တန့် ၍သွားတော့၏။

"ညီမ ထ ထ၊ ဘယ်နာသွားသလဲ"

ဟု မေးယင်း ကိုယ်တိုင်ပင် သီရိမာကိုဆွဲထူ တဲ့ခေါ်ကာ ရေချိုးသော ဒဏ်ရာတို့ကို ကိုယ်တိုင်ပင် ရေနွေးဖြင့် ပွတ်သပ်ဆေး ကြောပေးပြီး ဆေးများ ထည့်ပေးကာ နံ့သာပျောင်းရည် တို့ဖြင့် တယုတယပင် သုတ်လိမ်း၍ပေးလေ၏။

ထိုအခါ သီရိမာသည် သတိတရားရကာ "ငါ သူတော် ကောင်းမကို ပြစ်မှားမိပြီ၊ ငါမတောင်းပန်လျှင် ငါ့ဦးခေါင်း ခုနစ်စိတ်ကွဲတော့မည်"ဟု စဉ်းစားယင်း အလွန်ထိတ်လန့် တုန် လှုပ်စွာ ဥတ္တရာ၏ ခြေရင်း၌ဝပ်စင်းဦးတိုက်ပြီး....

"အရှင်သခင်မ၊ ကျွန်တော်မရဲ့အပြစ်ကို သည်းခံခွင့်လွှတ် တော်မူပါ"ဟု တောင်းပန်၏။

ထိုအခါ ဥတ္တရာက....

"ညီမရယ် ငါ့မှာအဖေရှိသေးတယ်၊ ငါ့အဖေဖြစ်တဲ့ဘုရား သခင်ကသည်းခံပါဆိုယင် ငါသည်းခံပါမယ်"

WWW.DHAMMARANSI.COM



"အရှင်မ။ ညီမမှာဘုရားသခင်နှင့်အကျွမ်းမဝင်ပါ။ ဘယ်လို တောင်းပန်ရပါသလဲ"

"ငါ့အဖေဘုရားသခင် နက်ဖြန်နံနက်ငါတို့အိမ်ကြွလာမယ်။ အဲဒီအခါ ညီမသဒ္ဓါသလောက် လှူဖွယ်ဝတ္ထုနဲ့ပူဇော်ပြီး တရားကို နာပြီးမှ အပြစ်ကို လျှောက်ထားတောင်းပန်ပေါ့"

သီရိမာလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် အဖော်များနှင့် အိမ်သို့ပြန်၍ လှူဖွယ်ဝတ္ထုဆွမ်းဘောဇဉ်တို့ကို စီစဉ်လေ၏။

စင်စစ်မှာ ဥတ္တရာသည် သီရိမာအပေါ် နဂိုကပင် အမျက်မထွက် ခွင့်လွှတ်ပြီးသားဖြစ်သည်။ သို့သော် သီရိမာကို ဘုရားသခင်အား ဖူးမြော်စေချင်သည်။ တရားတော်ကို နာကြားစေချင်သည်။ အလှူဒါနပြုစေချင်သောစေတနာကြောင့်ငါ၏အဖေဘုရားသခင် ခွင့်လွှတ်လျှင် ငါခွင့်လွှတ်မည်ဟု သီရိမာအား ဘုရားသခင်ရှေ့တော်မှောက်အပါခေါ်ဆောင်ခြင်းဖြစ်ပေသည်၊

သီရိမာသည် စီစဉ်ခဲ့သော ဆွမ်းခဲဖွယ်တို့နှင့် လှူဖွယ်ပစ္စည်းတို့ကို ဥတ္တရာအားပေးအပ်၏။ အရှေ့ကာက်၍မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ ကြွလာလျှင် ဥတ္တရာက သီရိမာ၏ လှူဖွယ်တို့ကို ကပ်လှူလုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးသော် သီရိမာသည် မြတ်စွာဘုရား၏ခြေတော်ရင်း၌ ဝပ်စင်း၍ လျှောက်ထား၏။

"တပည့်တော်မသည်မနေ့က သူတော်ကောင်းမကြီးဥတ္တရာအား ဤသို့သောအပြစ်ကိုပြုမိပါသည်ဟုအစချီ၍ အကြောင်းစုံလျှောက်ထားပြီးနောက် "တပည့်တော်မသည် သူတော်ကောင်းမကြီးအား အမှားကို ဝန်ခံ၍ တောင်းပန်ခဲ့ပါ၏။ သူတော်

WWW.DHAMMARANSI.COM





ကောင်းမကြီးက အဖဘုရားသခင် ခွင့်လွှတ်လျှင် ခွင့်လွှတ်ပါမည်ဟု ဆိုပါသည်။ အရှင်မြတ်ဘုရား တပည့်တော်မ၏အပြစ်ကို ခွင့်လွှတ်တော်မူပါ''ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် သိရိမာအား၊ သူတော်ကောင်းတို့ကို ပြစ်မှားခြင်း၌ ကြီးမားသော အပြစ်ရှိသည်ကိုဟောတော်မူ၏။

ထို့နောက် တဖန် ဥတ္တရာကိုခေါ်ပြီးလျှင်...

''ချစ်သမီး ဥတ္တရာ။ သိရိမာက ကျိုက်ကျိုက်ဆူသော ထောပတ်ပူနှင့် လောင်းလိုက်သည့်အချိန်တွင် မည်သို့သော စိတ်နှလုံးရှိသနည်း''ဟု မေးတော်မူ၏။

WWW.DHAMMARANSI.COM



"တပည့်တော်မသည် သီရိမာကြောင့် ဒါနသီလကို ပြုခွင့်ရပေသည်။ အရှင်မြတ်အား ဖူးခွင့်ရပေသည်။ တရားတော်ကို နာရပေသည်။ ငါ၏ကျေးဇူးရှင်ကြီးဖြစ်ပေသည်ဟု သီရိမာ အပေါ် လွန်စွာ ချစ်ကြည်သော မေတ္တာစိတ်ဖြင့်သာ ခံနေပါသည်"ဟု လျှောက်သော်....

မြတ်စွာဘုရားသခင်က "သာဓု-သာဓု-သာဓု"ဟု သုံးကြိမ် ခေါ်တော်မူ၍ ဥတ္တရာအား ကောင်းချီးပေးတော်မူပြီးနောက်

(၂၂၃) အက္ကောဓေန ဇိနေ ကောဓံ။
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာလိကဝါဒိနံ။

ဟူသော ဂါထာတော်ကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား....

(၂၂၃)ဥတ္တရာ၊ ချစ်သမီးဥတ္တရာ။ ကောဓံ၊ အမျက်ကြီးစွာ ဒေါသဖြစ်နေသူကို။ အက္ကောဓေန၊ အမျက်မထွက်ခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။

အသာဓုံ၊ ယုတ်မာသောအကျင့်ရှိသူကို။ သာဓုနာ၊ မြတ်သော အကျင့်ဖြင့်။ ဇိနေ၊ အောင်ရာ၏။

ကဒရိယံ၊ နှမြော ဝန်တိုတတ်သူကို။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။

အလိကဝါဒိနံ၊ မဟုတ်မမှန်ပြောတတ်သူကို။ သစ္စေန၊ မှန်သော စကားဖြင့်။ ဇိနေ၊ အောင်ရာ၏။

ဤသို့ဒေသနာတော်ကိုဟောကြားတော်မူပြီးနောက် သစ္စာလေးပါးကို ပြတော်မူလျှင် သီရိမာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

WWW.DHAMMARANSI.COM



ဤသို့ သီရိမာလည်း သောတာပန်အဖြစ်ရပြီးသော် မြတ်စွာဘုရားအား သံဃာတော်ငါးရာနှင့်တကွ မိမိအိမ်သို့ ကြွတော်မူပါရန် လျှောက်ထားလေ၏။

ထိုနေ့မှစ၍ သီရိမာသည် မြတ်စွာဘုရား၏ သာသနာတော်ဝင် ဥပါသိကာမ ဖြစ်လေတော့သတည်း။ (သီရိမာသည်စင်စစ်ဆရာဇီဝက၏ နှမအရင်းပေတည်း။ သို့သော် အချင်းချင်းမသိကြပေ။)

(ဓမ္မပဒ-ကောဓဝဂ် တတိယမြောက် ဥတ္တရာဥပါသိကာမဝတ္ထု ခေတ်မီဓမ္မပဒ စတုတ္ထတွဲ စာမျက်နှာ ၂၂၅)တို့ကိုမှီငြမ်းပြုပါသည်။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM




ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# ရဟန်းပျိုတပါးနှင့်
# သီရိမာ ပြည့်တန်ဆာမ ဝတ္ထု

ပန်းပုရုပ်ကို ဆေးသုတ်ပြီး
ဆန်းဆန်းကြယ်ကြယ် တန်ဆာဆင်ထားသည့် ပမာ
အရိုးသုံးရာ၊ အကြောကိုးရာတို့ဖြင့်
စိုက်ထောင်ထားပြီး
တကိုယ်လုံး ရောဂါတွေပြွမ်းလှသော
အမျိုးမျိုးကြံစည် စိတ်ကူးတတ်သော
ဤခန္ဓာကိုယ်ကို စေ့စေ့ရှုစမ်းပါ
အကြင်ခန္ဓာကိုယ်သည်
အမြဲတည်နေနိုင်ခြင်း မရှိပါတကား။

ဤဒေသနာတော်ကို ရာဇဂြိုဟ်ပြည်၌ သီရိမာ ပြည့်တန်ဆာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သီရိမာသည် မြတ်စွာဘုရား၏သာသနာတော်၌ ကြည်ညိုလှသဖြင့် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ပင့်၍ ဆွမ်းလုပ်ကျွေးပြီးသော် မြတ်စွာဘုရားသခင်အား....

"အရှင်ဘုရား။ တပည့်တော်မအား သနားတော်မူပါသဖြင့် သံဃာတော်ရှစ်ပါးကို တပည့်တော်မအိမ်၌ နေ့စဉ်မပြတ် ဆွမ်းလှူည့်ပေးတော်မူပါဘုရား"

ဟု လျှောက်ထား၏။ ဘုရားသခင်လည်း ခွင့်ပြုတော်မူ၍ နေ့စဉ် ရှစ်ပါးသော သံဃာတော်တို့ကို အလှည့်ကျ လွှတ်တော်မူ၏။

WWW.DHAMMARANSI.COM



သီရိမာသည် တနေ့လျှင် တဆယ့်ခြောက်အသပြာဖိုး ဝယ်ခြမ်းလျက် ဆွမ်းဘောဇဉ်တို့ကို ပြုပြင်လှူဒါန်း၏။

ဆွမ်းခံလာသော သံဃာတော် ရှစ်ပါးတွင် တပါးပါး၌ရသော ဆွမ်းဘောဇဉ်တို့သည် သုံးလေးပါးပင် သုံးဆောင်လောက်အောင် နေ့စဉ်ပေးလှူ၏။

တနေ့တွင် သီရိမာ၏အိမ်မှ ဆွမ်းခံ၍ ပြန်လာသော ရဟန်းတပါးသည်သုံးယူဇနာကွာခြားသောအရပ်ရှိ ကျောင်းသို့သွားလျှင် တဦးသော ရဟန်းတပါးအား သီရိမာ၏ ဆွမ်းအလှူအကြောင်းနှင့်စပ်သက်၍ စကားစပ်မိကြ၏။

သီရိမာ၏ရုပ်ရည်ဟန်ပန်တို့ကို ပြောပြ၏။ လူတွင်မက နတ်သမီးကလေးတမျှ လှပယဉ်ကျေးကြောင်းဖြင့် ချီးမွမ်း၏။ အလှူဒါနတွင်လည်း နေ့စဉ်လှူဒါန်းသည့် ဆွမ်းခဲဖွယ်တို့မှာ သဒ္ဓါတရား ထက်သန်စွာလှူသဖြင့် တပါးစာလှူသည်မှာ သုံးလေးပါးစာပင် များနေ၏။ ဆွမ်းခဲဖွယ်ဘောဇဉ်တို့မှာလည်း အလွန်ကောင်းမွန်ပေ၏။

ဆွမ်းအလှူခံရခြင်းထက် သီရိမာကို မြင်ရခြင်းမှာ ပို၍ပင် အဆာတရာ သာလွန်မြတ်ပေ၏ဟု ချီးမွမ်းပြောဆို၏။

ကိလေသာမီး ထိန့်ထိန်ညီး

နားထောင်နေသောရဟန်းသည် အဖော်ရဟန်း၏ အားပါးတရ ချီးမွမ်းပြောဆိုနေသောစကားကို နားထောင်နေယင်းပင် သံသရာအဆက်ဆက်က ကိုယ်ခန္ဓာတွင်း၌ ကိန်းအောင်းရှိနေသော ကိလေသာမီးသည် တညီးညီးတောက်လေတော့၏။

သီရိမာကို တကြိမ်တခါမျှမမြင်ဘူးပဲ နှလုံးသားထဲ ရောက်လာသော သတင်းစကားဖြင့်ပင် ချောက်ချား၍နေ၏။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

"သီရိမာကို မြင်ချင်စမ်းပါဘိ" ဟု နှုတ်မှ ရေရွတ်မိတော့၏။

ထိုအခါ အဖော်ရဟန်းက ဝါစဉ်ကိုမေး၏။ ထိုရဟန်းက မိမိ၏ဝါကို ပြောပြသောအခါ...

"ငါ့ရှင် သည်အတိုင်းဆိုလျှင် နက်ဖြန်ပင် သင့် အလှည့်ရောက်မည်၊ သင်သည် သံဃာရှစ်ပါးတွင် ဝါအကြီးဆုံးဖြစ်၍ သံဃာ့မထေရ်အဖြစ် သင်ကိုယ်တိုင်ပင် ခေါင်းဆောင်ပြီးသွားရလိမ့်မည်၊ နက်ဖြန်နံနက်စောစော စာရေးတံမဲချရာဌာနသို့သွား၍ စာရေးတံမဲကို ယူပေတော့"ဟု ပြောပြ၏။

ထိုရဟန်းသည်တညလုံးအိပ်မပျော်။ ကိလေသာမီးတညီးညီးတောက်လောင်နေသဖြင့် ဟိုလှိမ့် သည်လူးဖြင့် အရုဏ်ဦးသို့ရောက်လာ၏။

သပိတ်သင်္ကန်းကို ပြင်ပြီးလျှင် စာရေးတံမဲချရာဌာနသို့ ကြွသွား၏။

သံဃာရှစ်ပါးကို ခေါင်းဆောင်ရသော သံဃာ့မထေရ်အဖြစ်ဖြင့်ပင် သီရိမာ၏အိမ်သို့ဆွမ်းခံရန် စာရေးတံမဲကို ရလေ၏။

ကပိုကရို သူ့အသွင်

သီရိမာသည် ယမန်နေ့က ဆွမ်းအနုမောဒနာတရား ကြားနာရပြီးနောက် ရုတ်တရက်ပင် ပြင်းထန်စွာ ရောဂါဝေဒနာဖိစီးလာ၏။

အိပ်ရာထဲတွင် လဲ၍နေ၏။

ထိုနေ့ ဆွမ်းခံချိန်ရောက်လျှင် သီရိမာကို မြင်ချင်တွေ့ချင်သော ရဟန်းသည် စာရေးတံမဲကျသော သံဃာများကိုခေါင်းဆောင်၍ သံဃာ့မထေရ်အဖြစ်နှင့် ကြွလာ၏။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM





သိရိမာ၏ အစေအပါးတို့က သံဃာတော်များ ကြွလာကြောင်း သိရိမာအား လာရောက်ပြောကြ၏။

သိရိမာက အိပ်ရာထဲမှမထနိုင်။ ဆွမ်းများကို ရှိသေစွာ လောင်းလှူပြီး ဆွမ်းအနုမောဒနာ ပြုသည့်အချိန်တွင် ငါ့အား လာရောက်ပြောပါဟု ပြောကြား၏။

အစေအပါးတို့သည် သံဃာတော်များကို ဆွမ်းများလောင်းလှူ လုပ်ကျွေးကြ၏။

ခေါင်းဆောင်ရဟန်းသည် သိရိမာကို မတွေ့မြင်ရ၍ ကျီးကန်း၏ မျက်လုံးများကဲ့သို့ တအိမ်လုံးမျက်လုံးဖြင့် လိုက်ရှာ၏။

အသံကို နားစွင့်၏။

တိတ်ဆိတ်၍ နေ၏။

WWW.DHAMMARANSI.COM

အစေအပါးတို့သည် သံဃာတော်များအား ဆွမ်းကပ်လှူပြီးသော် ဆွမ်းအနုမောဒနာပြုရန် သီရိမာအား ပြောကြား၏။

"ငါ့အား တွဲပြီး ခေါ်ကြပါ"

အစေအပါးတို့သည် သီရိမာကိုတွဲ၍ သံဃာတော်များရှေ့မှောက်သို့ ခေါ်ဆောင်လာ၏။

တုန်ချည့်သောကိုယ်ဖြင့် သံဃာတော်များကို ရှိခိုး၏။

ရာဂထူပြောသော ရဟန်း၏စိတ်၌ကား....

"မဆင်မပြင်ပဲ နဂိုနေအတိုင်း မြင်ရတာတောင် ဒီလောက်လှနေတာ၊ ပြင်ဆင်ထားယင် ဘယ်လောက် လှလိမ့်မလဲ"ဟု စိတ်ထဲမှတွေးကာ သီရိမာအပေါ် တပ်မက်စွဲလမ်းမှုသည် ပိုမိုပြင်းထန်လာတော့၏။ ဆွမ်းအနုမောဒနာပြုပြီးနောက် သံဃာတော်များ ပြန်၍ကြွသွားကြ၏။

## မစားနိုင် တပိန်ပိန်


ရဟန်းသည် သီရိမာအပေါ် ဆန္ဒပြင်းပြ စွဲလမ်းလှသဖြင့် ကျောင်းသို့ရောက်လျှင် ဆွမ်းကိုပင် မစားတော့ပဲ သပိတ်ကို တနေရာ၌တင်ထားကာ ကွပ်ပျစ်ညောင်စောင်းပေါ်၌ သင်္ကန်းကို ခေါင်းမြီးခြုံကာ အိပ်တော့၏။

အဖော်ရဟန်းတို့က ဆွမ်းစားရန်ပြောသော်လည်း တုပ်တုပ်မျှမလှုပ်။

သင်္ကန်းကိုခေါင်းမြီးခြုံအိပ်ယင်းသီရိမာမျက်နှာကိုသာ တရေးရေးပေါ်အောင်ရှုကာ ရာဂစိတ်များ ပွားများ၍နေတော့၏။

ဆင္ဍမအကြွှိမ်

WWW.DHAMMARANSI.COM



ဆွမ်းတို့သည် သပိတ်တွင်း၌ အမြှုပ်ထ၍ နေ၏။ ပုပ်သိုး၍ နေ၏။

ထိုရဟန်းကား ခေါင်းမြီးခြုံ၍ အိပ်နေရာက မထ။

ငယ်ပေမယ့်လဲမနေရ လှပေမယ့်လဲမနေရ

သိရိမာသည် ထိုဝေဒနာဖြင့်ပင် ကွယ်လွန်သွားရှာတော့၏။

ဗိမ္ဗိသာရမင်းကြီးသည် သိရိမာကွယ်လွန်ကြောင်းကို မြတ်စွာဘုရားထံ သွားရောက် လျှောက်ထား၏။

မြတ်စွာဘုရားသခင်က သိရိမာ၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုပဲ သုသာန်၌ပင် ကျီးမထိုး ခွေးမစားရအောင်အစောင့်အရှောက်ဖြင့် ထားစေ၏။

သုံးရက် လေးရက်ကြာလျှင် သိရိမာ၏ ရုပ်ခန္ဓာသည်ပုပ်ပွ၍ သွေးပြည်တို့သည် ဒွါရကိုးပေါက်မှ ယိုစီး၍ကျကုန်၏။

WWW.DHAMMARANSI.COM



မျက်စိနှစ်လုံးတို့သည် ပြူး၍ထွက်လာ၏။

မြတ်စွာဘုရားသခင်က ဗိမ္ဗိသာရမင်းကြီးအား ရာဇဂြိုဟ်မြို့တွင်းသို့ စည်လှည့်စေ၏။ ရာဇဂြိုဟ် မြို့သူမြို့သား အပေါင်းတို့သည် အရွယ်မရောက်သေးသူများမှအပ တယောက် မကျန် သိရိမာ၏ရုပ်အလောင်းကို လာရောက်၍ကြည့်ရှုကြရမည်။ မလာမရောက်က ရှစ်အသပြာ ဒဏ်တပ်စေရမည်။ မောင်းစည်လှည့်၍ ကြွေးကြော်စေ၏။

မောင်နန္ဒနှင့် ဥတ္တရာ

မောင်နန္ဒသည် အခန်းတွင်း၌ ငေးမှိုင်နေ၏။

ဥတ္တရာက မောင်နန္ဒအနီးသို့လာကာ....

"အစ်ကိုရေ၊ သိရိမာသေတာ သိပြီးပလား"

"သိသားပဲ"

"အဲဒါ ဘုရင်မင်းမြတ်က သိရိမာ ရုပ် အလောင်းကို တယောက်မကျန် လာရောက်ကြည့်ကြရမတဲ့၊ မလာယင် ရှစ်သပြာ ဒဏ်ထားမတဲ့၊ မောင်းစည်လှည့်သွားတယ်"

"သွားစရာမလိုပါဘူး၊ ဒဏ်ဆောင်လိုက်ရုံပေါ့"

"ဒီလိုတော့ ဘယ်ကောင်းမလဲ အစ်ကိုရယ်။ ရာဇဂြိုဟ်ပြည်မှာမျက်နှာကြီးတယောက်လုပ်နေပြီး ဘုရင်မင်းမြတ်က လာစေချင်တာ မသွားပဲနေလို့ ဘယ်တော်မလဲ။ သွားမှကောင်းမယ်ထင်တယ်"

မောင်နန္ဒသည် တုပ်တုပ်မျှ မလှုပ်။

"လာပါအစ်ကိုရယ်၊ အဝတ်အစားလဲပါ။ ကျွန်မနဲ့အတူတူသွားကြရအောင်" မောင်နန္ဒသည် စိတ်မပါ့တပါနှင့်ပင် ဥတ္တရာတိုက်တွန်းမှုကြောင့်သာ ပါ၍လာခဲ့ရတော့၏။

ဆင္ဂမအကြံ

WWW.DHAMMARANSI.COM



မြတ်စွာဘုရားနှင့် သံဃာတော်များကြွလာခြင်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်မြို့တွင်းရှိ ကျောင်းတိုက်တိုင်းမှ သံဃာတော်တို့အား သိရိမာ၏ ရုပ်အလောင်းကို ရှုရန် ကြွရောက်ကြရမည်ဟု မိန့်ကြားတော်မူ၏။

သိရိမာကို စွဲလမ်းသော ထိုရဟန်းသည် ဘာကိုမျှ မသိ၍ အိပ်မြဲတိုင်းသာ အိပ်နေ၏။

အခြားရဟန်းများက သိရိမာထံသွားရန် ပြင်ဆင်၍နေယင်း

"ငါ့ရှင်။ မြတ်စွာဘုရားသခင်က သိရိမာကို ရှုမြင်ဖို့ သံဃာအားလုံး လိုက်ပါရမတဲ့"

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



ထိုရဟန်းသည် "သိရိမာ" ဟူသော စကားကို ကြားသည်နှင့် အားရဝမ်းသာ ချက်ချင်းထ၏။

သပိတ်တွင်းမှ ပုပ်သိုးနေသော ဆွမ်းတို့ကို သွန်၍ သပိတ်သက်နှုန်းတို့ကိုပြင်ဆင်ပြီး အခြားသံဃာများနှင့်အတူ လိုက်ပါ၍ သွားတော့၏။

မြတ်စွာဘုရားသခင်သည် တပည့် သံဃာအပေါင်းနှင့် တကွ ကြွလာတော်မူ၍ သိရိမာ၏ လက်ယာနံပါး၌ ရပ်တော်မူ၏။ လူပရိသတ်တို့လည်း အထပ်ထပ်ဝန်းရံကာ နေကြကုန်၏။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးအား ခေါ်တော်မူ၏။

"တကာတော်မင်းကြီး၊ ဤ သိရိမာသည် ရှေး အခါက အသပြာမည်မျှထိုက်သနည်း"

"တနေ့လျှင် အသပြာတထောင်ထိုက်ပါသည်ဘုရား"

"ယခု သိရိမာကို အသပြာတထောင်ဖြင့် အပိုင်ယူရန်မည်သူ ပေးမည်နည်း" ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား၊ ယခုသိရိမာကို အသပြာတထောင် မဆိုထားဘိ၊ အလကားပေး၍ပင် ယူမည့်သူ မရှိတော့ပါဘုရား" ဟု လျှောက်ထားလေသော် မြတ်စွာဘုရားသခင်က....

"ချစ်သားတို့၊ ရာဇဂြိုဟ်ပြည်သားတို့၏ ချစ်ခင်မြတ်နိုးသော သိရိမာအမည်ရှိသည့် မာတုဂါမကို ရှုကြကုန်လော့"

ဤ ရာဇဂြိုဟ်ပြည်၌ပင်လျှင် ရှေးအခါက တနေ့အတွက် အသပြာ တထောင်ရခဲ့၏။ ယခုအခါတွင်ကား ခန္ဓာကိုယ်ကို အလကားသက်သက်ပင် ယူလိုသောသူ မရှိတော့ပြီ။

ဤခန္ဓာကိုယ် ရုပ်တရားမည်သည် ပျက်ခြင်း၊ ကုန်ခြင်းသို့ ရောက်တတ်သည်ကို ရှုကြလော့"

WWW.DHAMMARANSI.COM



ထို့ထက်အလွန် ဟောတော်မူလိုပြန်၍...

(၁၄၇) ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

[၁၄၇] စိတ်ကူးယဉ်စွာ တုလုပ်ထားသည့် အလှအပတန်ဆာဆင်ကာ ဆေးရောင်စုံခြယ်ထားသော ပန်းပုရုပ်၊ ယမင်းရုပ်ကဲ့သို့ အရိုးပေါင်းသုံးရာကို စိုက်ထောင်၍ အကြောပေါင်း ကိုးရာဖြင့် ဖွဲ့ဆိုင်းချည်နှောင်ထားပြီး ကိုးပေါက်သော အနာဝများကြောင့် အိုင်းအမာနှင့်တူသော ဤခန္ဓာကိုယ်သည် အမြဲတမ်း တခုမဟုတ် တခုသော ရောဂါတို့ဖြင့် ပင်ပန်းနာကျင်နေကြရ၏။

လူအပေါင်းတို့က များစွာကြံစည်ထားအပ်သော ဤခန္ဓာကိုယ် အတ္တဘောကြီး၏ ပျက်စီးခြင်းသဘောကို ကြည့်ရှုကြကုန်လော့။

ဤဒေသနာတော်ကို ဟောကြားတော်မူပြီးနောက် သိရိမာကို စွဲလမ်းမိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။ များစွာကုန်သော သူတို့သည်လည်း အကျိုးတရားကို ရကြကုန်၏။

## နန္ဒမာတာ ဥတ္တရာ

ထို့ထက်ကား ဥတ္တရာ၏ ခင်ပွန်းဖြစ်သော သဌေးသား မောင်နန္ဒသည် မြတ်စွာဘုရား၏တရားတော်ကို နာကြားရသဖြင့် သတိသံဝေဂရပြီး...

"ဥတ္တရာသည် ငါ့အား အလွန် ကျေးဇူးကြီးပေ၏။ ဥတ္တရာကြောင့် ငါသည် ဤနေရာသို့ရောက်လာရပြီး မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ဆင်းရဲအပေါင်း၏ ကင်းရာ

WWW.DHAMMARANSI.COM

လမ်း၊ကို မြင်ရပေသည်''ဟု ဥတ္တရာအပေါ်တွင် အလွန်နှစ်သက်ရှိသောစိတ် ပေါ်ပေါက်လာသည့်အလျောက်—

"ဥတ္တရာ သင်သည် ငါ့အား ကောင်းမြတ်သော လမ်းကို ညွှန်ပြပေသည်။ ကျေးဇူးကြီးလှပါသည်။ ယနေ့မှစ၍ သင့်ကို အမိ အရာ၌ထား၍ သင်ဆုံးမသမျှ ငါ လိုက်နာပါတော့မည်" ဟု ဝန်ချတောင်းပန်လေ၏။

ထိုအခါမှ စ၍ ဥတ္တရာ၏ အမည်သည် "နန္ဒမာတာဥတ္တရာ" (မောင်နန္ဒ၏ မိခင်ဥတ္တရာ)ဟု တွင်လေသတည်း။

## တေဒဂ်ဘွဲ့ထူးရရှိခြင်း

မြတ်စွာဘုရားသခင်သည် နန္ဒမာတာဥတ္တရာအား အန္တရာယ်ပြုလာသူ သိရိမာအပေါ် မေတ္တာဝင်စား၍ သည်းခံနိုင်စွမ်းရှိသောကြောင့်(ဈာယီ) "ဈာန်ဝင်စားလေ့ရှိသော အရာဝယ် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏" ဟု မြတ်စွာဘုရားရှင် ချီးကျူးမိန့်ကြားကာ တေဒဂ်အရာ၌ ထားတော်မူလေသည်။

(ဓမ္မပဒ ဇရာဝဂ် နှစ်ခုမြောက် သိရိမာဝတ္ထု၊ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း၊ ဇိနတ္ထပကာသနီ၊ ခေတ်မီ ဓမ္မပဒဝတ္ထု တတိယတွဲ၊ နှာ–၃၁၁ တို့ကို မှီငြမ်းပြုပါသည်။)

WWW.DHAMMARANSI.COM




ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# တွန့်တိုသည့် အာနန္ဒာ သဌေးကြီး ဝတ္ထု

ကိုယ်ပိုင်ဥစ္စာ ဘယ်မှာရှိ နတ္ထိ

ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ဥစ္စာ
ခုံမင်ကာ စွဲလမ်း
သားနှင့်သမီး ပစ္စည်းဥစ္စာလျော့ပါးမှာကို
စိုးရိမ်ပူပန်ကြသော်လည်း
သေသည့်အခါ
မိမိခန္ဓာကိုယ်ကိုမျှ
ယူ၍ မသွားနိုင်ပါတကား။

ဤဝတ္ထုတော်ကို အာနန္ဒာ အမည်ရှိသော သဌေးကို အကြောင်းပြု၍ သာဝတ္ထိပြည်၌ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ အာနန္ဒာအမည်ရှိသော သဌေးတယောက် ရှိလေသည်။

ထိုသဌေးမှာ ကုဋေရှစ်ဆယ် ကြွယ်ဝသလောက် အလှူအတန်းလည်းမပြု၊ အပေးအကမ်းလည်းမရှိ။

သူများက လူဒါန်း ကျေးမွေးလျှင်လည်း ငွေကုန်အောင် ဖြုန်းနေသူများဟု ကဲ့ရဲ့၏။

သားဖြစ်သူ "မူလသိရိ"ကို ဤသို့ပြော၏။

"လူကလေး... ကိုယ့်မှာ ကုဋေရှစ်ဆယ် ချမ်းသာတယ်ဆိုတာ မမှတ်ထားလိုက်၊ အဲဒီပိုက်ဆံထဲက တပြားမှ မလျော့စေနဲ့၊

WWW.DHAMMARANSI.COM



နောက်ထပ်ရသလောက်ကို တိတ်တိတ်ဆိတ်ဆိတ်ထပ်စုံ၊ လူမသိစေနဲ့''

''သူများလာတောင်းယင် မပေးနဲ့၊ ပေးမိယင်ပြန်တောင်းဖို့ခက်တယ်''

သူများကို ကျွေးလားမွေးလားမလုပ်နဲ့၊ လူဆိုတာ ကိုယ့်ဆီက စားသွားပြီးယင် မေ့တတ်တာမျိုး။

ရသမျှကို စစ်စစ်စီစီသုံး၊ ချွေချွေတာတာစား၊ ချွေချွေတာတာဝတ်''

ဤသို့လျှင် အမြဲမပြတ် ဆုံးမ၏။

ဆွေမျိုးများလူဒါနီးကျွေးမွေးလျှင်ကဲ့ရဲ့၏။ အပြစ်ပြော၏။

ဆွေမျိုးများက အလှူအတန်းအတွက် လာရောက်တိုင်ပင်လျှင် ဇာန့်ကွက်တားမြစ်၏။

''ကိုယ့်ရှိမှ ကိုယ်စားရတာ၊ ဘာဖြစ်လို့ သူများတကာကို ကျွေးချင်မွေးချင်ရတာလဲ''

ဤသို့ဖြင့် မဝတ်ရက်၊ မစားရက်၊ မသောက်ရက်၊ ငွေကိုသာဖိစု၏။ ရွှေကိုသာဖိစု၏။ ဤသို့ပစ္စည်းဥစ္စာ တိုးပွားအောင်သာ ရှာယင်းဖွေယင်းက အသက်အရွယ်ကြီးရင့်ပြီး ကွယ်လွန်အနိစ္စရောက်ခဲ့လေ၏။

အာနန္ဒာသဌေးကြီးတွင် ''မူလသီရိ'' အမည်ရှိသော သားတယောက်သာ ကျန်ခဲ့သဖြင့် ''မူလသီရိ''သည် သဌေးဘွဲ့ကိုခံယူ၍ စံစားနေ၏။

WWW.DHAMMARANSI.COM

## ဒွန်းစဏ္ဍားရွာမှ ကလေးငယ်

သာဝတ္ထိပြည်၏ မြို့ပြင်တံခါးအနီးတွင် ထင်းခွဲ ရေခပ်၊ အဝတ်လျှော်၊ တံမြက်လှည်း၊ ကျဘမ်းအလုပ်ကို လုပ်ကြသော သူဆင်းရဲတို့သည်အုပ်စုဖွဲ့ကာ နေထိုင်ကြရာ လူပေါင်းတထောင် ခန့်ရှိ၏။

ကိုယ်တိုင်လည်းမလှူရက်၊ သူတပါးလှူသည့်ကိုလည်း တားမြစ်ခဲ့သော အာနန္ဒာသဌေးကြီးသည် ထိုရွာရှိအမျိုးသမီးတဦး၏ ဝမ်း၌ ပဋိသန္ဓေတည်လေ၏။

ထိုကလေးငယ် ထိုရွာ၌ ပဋိသန္ဓေနေသည့်နေ့မှစ၍ တရွာလုံး ခေါ်မည့် ခိုင်းမည့်သူလည်း မရှိ။ ပေးကမ်းမည့်သူလည်း မရှိ။ ကျွေးမည့် မွေးမည့်သူလည်း မရှိ တရွာလုံး လာဘ်တိတ်နေ၏။

ထိုရွာမှအကြီးအကဲလုပ်သူများက....

"ဒီအတိုင်းနေလို့တော့မဖြစ်ဘူးဟေ့၊ တို့ရွာထဲမှာအကုသိုလ်ကောင်ရှိနေပြီ။ အကုသိုလ်ကောင်ဘယ်ဘက်ပါသလဲသိရအောင် လူတထောင်ကို အုပ်စု နှစ်စုခွဲ၊ တစုကို ငါးရာစီနဲ့စမ်းကြည့်ရအောင်"

ဤသို့ တဘက်ငါးရာစီခွဲ၍ လုပ်ကိုင်ကြရာ ထိုကလေးကိုယ်ဝန်ဆောင်သောဘက်၌ လာဘ်တိတ်၍၊ တဘက်သော ငါးရာအုပ်စုက အလုပ်အကိုင်ရကြ၏။

ထိုကလေးငယ်ပါသောငါးရာအုပ်စုက တဝက်စီခွဲ၍ အလုပ်လုပ်ကြပြန်၏။ သူပါသော နှစ်ရာ့ငါးဆယ်အုပ်စုသည် လာဘ်တိတ်မြဲ တိတ်နေပြန်၏။

ဤသို့ဖြင့် တစတစခွဲလိုက်ရာ နောက်ဆုံးတွင် လာဘ်တိတ်သော ကိုယ်ဝန်ဆောင်လင်မယားနှစ်ယောက်ကျန်တော့၏။

ဆင္ဍမ အကြိမ်

WWW.DHAMMARANSI.COM


ထိုအခါ လင်ယောကျ်ားက...

''မိန်းမယုတ်၊ နင်ကိုယ်ဝန်ရှိ ဘာဘည်းက တရွာသုံး ဒီလိုဖြစ်လာတာ။နင့်ကိုမခေါ်ငါးနိုင်တော့ဘူး'' ဟုပြောဆို ကြိမ်းမောင်းကာ နှင်ထုတ်လိုက်၏။

အကုသိုလ်ကံ ဆက်၍ခံ

မိခင်မှာ ကိုယ်ဝန်ကို ခက်ခဲစွာမွေးရ၏။

ထိုကလေးမှာ ခေါင်းကြီး ကိုယ်သေး၊ ဖင်ရှုံး ခြေသိမ်၊ နှုတ်ခမ်းမောက်၍ နှာခေါင်းကောက်ကာ အပြင်သို့ ထွက်ကျမတတ် ပြူးကျယ်သော မျက်လုံးကြီး နှစ်လုံးဖြင့် သရဲရုပ်ကလေးဖြစ်နေ၏။

မိခင်မှာ ရင်သွေးမို့ မပစ်ရက်။ ကလေးငယ်ကို ရင်ခွင်ပိုက်ကာ တောင်းရမ်း၍ စားနေရရှာ၏။

သို့သော်ကလေးငယ်ကိုရင်ခွင်ပိုက်၍ တောင်းရမ်းသည့်အခါ ထမင်းတလုတ်စာမျှပင်မရ။

မိခင်ဖြစ်သူက အကြံရပြီး ကလေးငယ်ကို ဇရပ်ပေါ်တွင် သိပ်ထားကာ တယောက်တည်း သွားရောက်တောင်းမှ စားစရာ သောက်စရာရလာ၏။

ဤသို့ဖြင့်ကလေးငယ်ကိုခြေဖြင့်သွားနိုင်သောအရွယ်၊စကားပြောနိုင်သော အရွယ်အထိ မိခင်သည် ခက်ခဲပင်ပန်းစွာ ရှာ၍ ကျွေးရ၏။ မိခင်က ဆက်လက် သည်းမခံနိုင်တော့သဖြင့် သားငယ်အား ခွက်တခုပေးကာ ဤသို့ဤပုံ တောင်းရမ်း၍စားသောက်ပေတော့ဟု သင်ကြား၍ လွှတ်လိုက်၏။

ကလေးငယ်သည် ခွက်ကိုကိုင်ကာ လှည့်လည်၍ တောင်းရမ်းစား၏။ ပေးမည့်ကမ်းမည့်သူမရှိ၊ ကလေးကိုမြင်ကာမျှဖြင့် နှင်

WWW.DHAMMARANSI.COM

ထုတ်ကြ၏။ တောင်းရမ်း၍ မရသောအခါ ကလေးငယ်သည် အမှိုက်ပုံများတွင် ရှာဖွေစားသောက်ရ၏။

## မြတ်စွာဘုရားသခင် မြင်တော်မူခြင်း

ကလေးငယ်သည် လှည့်လည်ရှာဖွေစားသောက်ယင်း သဌေး "မူလသိရိ" ၏ တိုက်ရှေ့သို့ ရောက်သွား၏။

ထိုတိုက်ကြီးနှင့် ခြံကြီးဝင်းကြီးကိုမြင်လျှင် အိပ်မက်ပမာ မိမိဘဝဟောင်းက တိုက်ကြီးဖြစ်သည်ကိုသိ၏။

"ဟာ....အဲဒါ ငါ့တိုက်ကြီးပါလား၊ ငါ့ခြံကြီးပါလား" ဟု စိတ်ထဲမှာတွေးပြီး ခြံတွင်းသို့ ရဲရဲစွာ ဝင်သွား၏။ အမှတ်ဟာမဲ့ မို့ မည်သူမျှသတိမထားမိ။

တိုက်တံခါးသို့ရောက်လျှင် "မူလသိရိ" သဌေး၏ သားငယ်ကလေးသည် ထိုကလေးကိုမြင်လျှင် လန့်၍အော်ငိုတော့၏။

အိမ်သူအိမ်သားများ မြင်လေလျှင်....

"သူတောင်းစားက လူပါးဝလို့"

ဟုဆိုကာ မောင်းမဲရိုက်ပုတ်၍ ရှုံ့ရှုံ့ရှာရှာ ကုပ်မှုကိုင်ဆွဲလာပြီး ခြံရှေ့ အမှိုက်ပုံသို့ ပစ်လိုက်၏။

မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည်တွင်းသို့ အရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံကြွတော်မူယင်း ထိုအဖြစ်အပျက်ကို မြင်တော်မူ၍ "မူလသိရိ" အိမ်ရှေ့၌ ရပ်တန့်တော်မူကာ အရှင်အာနန္ဒာအား မျက်ဝန်းတော်လှစ်၍ ကြည့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်က "အကြောင်းအသို့ပါနည်း" ဟု မေးလျှောက်လျှင် "မူလသိရိ" သဌေးကို ခေါ်တော်မူစေ၏။

မူလသိရိသည် သာသနာတော်ကို ကိုးကွယ်သူမဟုတ်သော်လည်း မိစ္ဆာဒိဋ္ဌိမဟုတ်ချေ။

ဘုရားသခင် ရပ်တန့်တော်မူသည်ကို မြင်၍ လူအပေါင်းတို့ စုဝေးရောက်ရှိလာကြ၏။

မူလသိရိသူဌေးရောက်ရှိလာလျှင် မြတ်စွာဘုရားအား ရှိသေစွာ အကြောင်း အသို့ပါနည်းဟု မေးလျှောက်၏။

မြတ်စွာဘုရားသခင်က–

"မူလသိရိ" ဤအမှိုက်ပုံအတွင်းမှ သူငယ်ကိုသင်သိပါ၏လော" ဟု မေးတော်မူ၏။

"မသိပါ" ဟု လျှောက်လျှင်–

"သင်၏ဖခင် အာနန္ဒသူဌေးကြီး ဖြစ်သည်" ဟု မိန့်တော်မူ၏။

မူလသိရိက မယုံကြည်၍–

"ဖြစ်နိုင်မည် မဟုတ်ပါဘုရား" ဟု လျှောက်၏။ မြတ်စွာဘုရားသခင်က

"သင့်ဖခင်မြှုပ်နှံခဲ့သော ရွှေအိုးကြီးငါးလုံးကို သင့်အား မှာကြားခဲ့ပါ၏လော" ဟု မေးတော်မူ၏။

"မမှာကြားခဲ့ပါဘုရား" ဟု လျှောက်၏။

"မမှာကြားခဲ့လျှင် ဤသူငယ်ကိုကောင်းစွာ ပြုစု ကျွေးမွေးပြီး မေးမြန်းလေလော့" ဟု မိန့်တော်မူပြီး ဆက်လက် ကြွသွားတော်မူ၏။

WWW.DHAMMARANSI.COM





ရွှေအိုးကြီးငါးလုံးရခြင်း

မူလသီရိဏာ စဉ်းစား၏။

"ရှင်ဧ ါတမသည် မဟုတ်မမှန်သည်ကိုပြောလေ့မရှိ။ ဟုတ်မှန်သည်ကိုသာပြောလေ့ရှိသည်ဟု ကြားဖူး၏။ ငါစမ်း၍ကြည့်ပေအံ့" ဟု ထိုသူငယ်ကို အမှိုက်ပုံမှဆောင်ယူစေပြီး ကောင်းစွာရေမိုးချိုး သုတ်သင်၍ ကျွေးမွေးပြီး....

"ဖခင်၊ ရွှေအိုးကြီးငါးလုံး မြှုပ်နှံထားသည့်နေရာကို ပြပါလော့" ဟု တောင်းပန်၏။

သူတောင်းစားကလေးသည် "ပေါက်တူး၊တူးရှင်းယူခဲ့ကြ" ဟုဆိုကာ ရှေ့မှသွား၏။

WWW.DHAMMARANSI.COM

အိမ်ရှိ လူအပေါင်းတို့သည် ပေါက်တူး၊ တူးရွင်းများနှင့် သူငယ်၏နောက်မှ လိုက်ကြ၏။ ခြံထောင့်တနေရာမှ သစ်ပင်ကြီး ခြေရင်းတွင်ရပ်၍....

"တူးကြလော့"ဟု လက်ညှိုးညွှန်ပြ၏။

သူငယ် လက်ညှိုးညွှန်သည့် နေရာများတွင် တူးကြရာ ရွှေအိုးကြီးငါးလုံးကို တွေ့ရလေ၏။

မူလသီရိသည်ရပ်ရည်ဆိုးဝါး သူတောင်းစားငယ်ကို ယူကျုံး မရကြည့်ကာ ဖက်၍ငိုကြွေး၏။

## မူလသီရိသင်္ဌေး သရဏဂုံတည်ခြင်း

မူလသီရိသည် မြတ်စွာဘုရား ကျောင်းတော်သို့ သွား၍ အကြောင်းစုံ လျှောက်ထား၏။

မြတ်စွာဘုရားသခင်အား ယုံကြည်မြတ်နိုးလှသဖြင့် သရဏဂုံကို ခံယူဆောက်တည်၏။

မြတ်စွာဘုရားသခင်သည် မူလသီရိအား တရားဟောတော်မူလိုသောကြောင့် အောက်ပါအတိုင်း ဟောကြားတော်မူ၏။

(၆၂) ပုတ္တာ မတ္ထိ ဓနံ မတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ၊
အတ္တာဟိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တာ ကုတော ဓနံ။

(၆၂) ငါ့အား သားသမီးတို့ရှိ၏။
ငါ့တွင် ပစ္စည်းဥစ္စာရှိ၏။
ဤသို့ အဆင်ခြင်မရှိသော လူမိုက်သည်

WWW.DHAMMARANSI.COM

သားသမီး ပစ္စည်းဥစ္စာပျက်စီးမှာကို စိုးရိမ်ပူပန်၏။
ပျက်စီးသည့်အခါလည်း ကြောက်လန့် စိုးရိမ်ပင်ပန်း၏။
ဤသို့ စိုးရိမ်ပင်ပန်းသော်လည်း သေသည့်အခါ
မိမိကိုယ်ကိုပင်လျှင် မယူနိုင်ပဲ
သားသမီး ပစ္စည်းဥစ္စာတို့ကို
အဘယ်မှာ ယူဆောင်သွားနိုင်ပါအံ့နည်း။

ဤဒေသနာတော်၏အဆုံးတွင် ရှစ်သောင်းလေးထောင်ကုန်သော လူတို့သည် အကျွတ်တရားကို ရရှိကြကုန်၏။

(ဓမ္မပဒ ဗာလဝဂ် သုံးခုမြောက် အာနန္ဒာသဌေးကြီးဝတ္ထု ခေတ်မီ ဓမ္မပဒ ဒုတိယတွဲ စာမျက်နှာ ၁၉၇) တို့ကို မှီငြမ်းပြုပါသည်။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# ရှင်မဟာမောဂ္ဂလာန်၏ အမေးဝတ္ထု




၁/၁၃

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# နတ်ပြည်ရောက်ရန် နည်းလမ်းများ

## အရှင်မောဂ္ဂလာန်၏ အမေးဝတ္ထု

မှန်သောစကားကိုပြော
အမျက်ဒေါသကိုသိမ်းဆည်း
တောင်းခံလာသူကိုပေးကမ်း
နတ်ပြည်သွားရာ ခရီးလမ်း။

ဤဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ အရှင်မောဂ္ဂလာန် မထေရ်၏ မေးလျှောက်သော ပြဿနာကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သ၌ အရှင်မောဂ္ဂလာန်မထေရ်သည်နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။

တန်ခိုးကြီးသော နတ်သမီးတဦး၏ ဗိမာန်တံခါးဝ၌ ရပ်တော်မူ၏။

ထိုတန်ခိုးကြီးသော နတ်သမီးသည် အရှင်မြတ်၏ အထံသို့လာ၍ ရှိခိုးပြီးရပ်တည်၏။

အရှင်မောဂ္ဂလာန်က....

"အသင်နတ်သမီး၏ စည်းစိမ်ချမ်းသာသည် ကြီးမြတ်လှပေ၏၊ အဘယ်ကောင်းမှုကိုပြုခဲ့ဖူး၍နတ်၏စည်းစိမ်ကိုရသနည်း"

WWW.DHAMMARANSI.COM


နတ်သမီးသည် လူ့ပြည် လူ့ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုကိုနည်းပါးလှသည်ဟုယူဆသဖြင့်ရှက်လှသောကြောင့်
"အရှင်ဘုရား....တပည့်တော်မကိုမေးတော်မမူပါနှင့်ဘုရား၊ တပည့်တော်မ ပြုခဲ့သော အမှုမှာ နည်းပါးလှပါသည် ဘုရား"
အရှင်မောဂ္ဂလာန်က....
"ပြောမှာသာပြောပါ"ဟု မိန့်တော်မူ၏။

မမှန်စကား မပြောကြားသူ

"တပည့်တော်မသည်အလှူကိုလည်းမလှူဘူးပါ။ ဘုရားရှင်နှင့် သံဃာတော်မြတ်တို့အား ပူဇော်ခြင်းကိုလည်း မပြုဘူးပါ။ တရားတော်ကိုလည်းမနာကြားဘူးပါ။ (မှန်သောစကားကိုသာ စောင့်ရှောက်ခဲ့ဖူးပါ၏)မမှန်သောစကားကို မပြောဆိုမိအောင် သတိထား၍ ထိန်းသိမ်းခဲ့ပါ၏ဘုရား။ ဤသို့မှန်သောစကားကိုသာ ပြောဆိုခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရခဲ့ပါ၏ ဘုရား"

အမျက်ဒေါသကို ပယ်ရှားရုံမျှနှင့် နတ်စည်းစိမ်ကိုရသူ

ထို့နောက် အရှင်မောဂ္ဂလာန်သည် အခြားဘုံဗိမာန်တံခါးသို့ ကြွသွားရပ်တော်မူပြီး ရောက်လာ ရှိခိုးနေသော နတ်သမီးအား....
"အိုနတ်သမီး....အသင်၏ စည်းစိမ် ချမ်းသာသည် အလွန်ကြီးကျယ်ပါဘိ။ အဘယ်ကောင်းမှု ကုသိုလ်ကို စောင့်ရှောက်ပြုလုပ်ခဲ့ပါသနည်း"
ထိုနတ်သမီးသည် ရှက်လှသောကြောင့် ပြန်လည် လျှောက်ထားဝံ့ခြင်းမရှိသဖြင့် အရှင်မြတ်က လျှောက်သာ လျှောက်ပါဟု မိန့်တော်မူလေမှ....

WWW.DHAMMARANSI.COM



"အရှင်မြတ်ဘုရား၊ တပည့်တော်မသည် ကဿပဘုရားပွင့်တော်မူသောအချိန်၌ သူတပါး၏ ကျွန်မ ဖြစ်ခဲ့ဖူးပါ၏။ ထိုတပည့်တော်မ၏ အရှင်သည် အလှူ့ပင် ရက်စက်ကြမ်းကြုတ်၏။ နှုတ်ကြမ်းတမ်း၏။ နီးရာ သစ်သားဖြင့် လည်းကောင်း၊ ထင်းဖြင့် လည်းကောင်း ဦးခေါင်းကို ရိုက်ခဲ့တတ်၏။ တပည့်တော်မသည် စဉ်းစားပါ၏။ ငါ၏အရှင်ကိုပြန်၍ အမျက်ထွက်ပါလျှင် ဤအရှင်သည် သေသည်အထိ ပါနိုင်သော သံပူကပ်ခြင်းကို လည်းကောင်း၊ နှာခေါင်း အစရှိသည်တို့ကို ဖြတ်ခြင်းကို လည်းကောင်း အလိုရှိသမျှ ပြုခွင့်ရသော ကျေးပိုင်ကျွန်ပိုင်ဖြစ်၏။ ထိုအရှင်အပေါ် အမျက်မထွက်လေနှင့်"

ဟု မိမိကိုယ်ကိုသာဆုံးမ၍ တကြိမ်တခါမျှအမျက်ထွက်ခြင်း မရှိခဲ့ဖူးပါ။

ဤအမျက် မထွက်ခဲ့ဖူးသော ကောင်းမှုကြောင့် တပည့်တော်မသည် ဤနတ်၏ စည်းစိမ် ချမ်းသာကို ရခဲ့ပါ၏"ဟု လျှောက်၏။

## ကြံတချောင်းအလှူ

အရှင်မောဂ္ဂလာန်သည် အခြားသောဘုံဗိမာန်သို့ ကြွသွား၍ မေးပြန်၏။

ရှေးအခါက တပည့်တော်မသည် ကြံခင်းကို စောင့်ရှောက်ရသော သူဆင်းရဲမဖြစ်ခဲ့ပါ၏။ ရဟန်းတော်တပါးအား စေတနာသန့်သန့်ဖြင့် ကြံတချောင်းကို ပေးလှူခဲ့ဖူးပါသည်။ ထိုစေတနာ သန့်သော တချောင်းသောကြံကို လှူဒါန်းမှုကြောင့် ဤစည်းစိမ်ချမ်းသာကို ရရှိပါသည်ဟု လျှောက်၏။

ဆဋ္ဌမ အကြိမ်

WWW.DHAMMARANSI.COM



## တလုံး တရွက် တဆုပ်လှူရုံမျှဖြင့်

ဤသို့ဖြင့် အရှင်မောဂ္ဂလာန်သည် နတ်သမီးတို့၏ ဗိမာန် အသီးသီးသို့ကြွရောက်မေးမြန်းရာ နတ်သမီးတယောက်က တည်သီးတလုံး လှူခဲ့ဖူးသူ၊ သခွားသီးတလုံး လှူခဲ့ဖူးသူ၊ ဖက်သက်တရော်သီး လှူခဲ့ဖူးသူ၊ မုန်လာတထုပ်ကို လှူခဲ့ဖူးသူ၊ တမာရွက်တဆုပ်ကို လှူခဲ့ဖူးသူ စသည်ဖြင့် ဤသို့အနည်းငယ်မျှသောအလှူဖြင့် ဤစည်းစိမ်ချမ်းသာကို ရရှိကြောင်း နတ်သမီးအသီးသီးတို့က လျှောက်ထားကြ၏။

## မြတ်စွာဘုရားထံ လျှောက်ထားမေးမြန်းပြန်ခြင်း

အရှင်မောဂ္ဂလာန်သည် နတ်သမီးတို့ လျှောက်ထားကြသော စကားအသီးသီးကို မှတ်သားပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍

"အရှင်မြတ်ဘုရား....မှန်သောစကားကိုဆိုကာမျှနှင့်၊ ဒေါသကို အစဉ်အမြဲ သိမ်းဆည်းကာမျှနှင့် အနည်းငယ်မျှသော ကြံ၊ တည်သီး အစရှိသော အလှူမျှဖြင့် နတ်၏ စည်းစိမ်ချမ်းသာကို ရနိုင်ပါသလော" ဟု နားတော်လျှောက်၏။

"ချစ်သား.... ရှင်မောဂ္ဂလာန်။ အဘယ်ကြောင့် ငါဘုရားကို မေးလျှောက်ဘိသနည်း။ အသင်အားနတ်သမီးတို့သည် အနည်းငယ်မျှသော ကောင်းမှုကြောင့် နတ်ပြည်သို့ ရောက်ကြောင်းကို လျှောက်ထားခဲ့ကြသည် မဟုတ်လော" ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

"အရှင်မြတ်ဘုရားမှန်ပါ၏၊ ဤအနည်းငယ်မျှသောကောင်းမှုကြောင့် နတ် စည်း စိမ်ကို ရနိုင် ပါ၏ လော" ဟု ထပ်မံလျှောက်ထားပြန်၏။

ဆင္ဂမအကြိမ်

WWW.DHAMMARANSI.COM



ထိုအခါ မြတ်စွာဘုရားက....

"ချစ်သား မောဂ္ဂလာန်။ မှန်သော စကားကို ဆိုသောကြောင့် လည်းကောင်း၊အမျက်ထွက်ခြင်းမျိုကိုစွန့်သောကြောင့်လည်းကောင်း၊ အနည်းငယ်မျှသော အလှူကို ပေးလှူရသောကြောင့်လည်းကောင်း နတ်ပြည်သို့ရောက်ရသည်သာတည်း" ဟု မိန့်တော်မူပြီး....

(၂၂၄) သစ္စံ ဘဏေ န ကုဇ္ဈေယျ၊
ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊
ဂစ္ဆေ ဒေဝါန သန္တိကေ။

[၂၂၄] အမှန်စကားကိုဆိုရာ၏။ သူတပါးအားအမျက်မထွက်ရာ။ သီလရှိသောသူတောင်းလာသည်ရှိသော်အနည်းငယ်မျှကိုလည်းလှူရာ၏။ ဤသုံးပါးသောအကြောင်းတို့သည် နတ်ပြည်သို့ ရောက်ရာအကြောင်းဖြစ်၏။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ကောဓဝဂ် လေးခုမြောက် ဝတ္ထု၊ ခေတ်မီ ဓမ္မပဒ စတုတ္ထတွဲ စာမျက်နှာ ၂၇၂)တို့ကို မှီငြမ်းပြုပါသည်။

WWW.DHAMMARANSI.COM

# လယ်မြေကောင်းတွင် စိုက်ပျိုးကြ



ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# လယ်ယာမြေကောင်းတွင် စိုက်ပျိုးကြ

ကျန်းခေါင်ခေါင်၌မျိုးစေ့များစွာဖြင့်စိုက်သော်လည်း
ကောင်းစွာမသီးနိုင်။
လယ်မြေကောင်း၌စိုက်သော
မျိုးစေ့အနည်းငယ်သည်
မြေကောင်း၌ ရေကောင်းနှင့်တွေ့ပြီး
များစွာ သီးနိုင်၏။

ဤဒေသနာတော်ကို မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ အင်္ကုရနတ်သားကိုအကြောင်းပြု၍ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုတိသ နတ်သားအား အဘိဓမ္မာတရားကို ဟောတော်မူရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွရောက်၍ ပင်လယ် ဆိတ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ နေတော်မူ၏။

တသောင်းသောလောကဓာတ်မှ နတ်တို့သည် စည်းဝေး ဆည်းဆပ်ကုန်၏။

မယ်တော်နတ်သားသည် တုသိတာနတ်ပြည်မှလာ၍မြတ်စွာ ဘုရား၏ လက်ယာနံပါး၌ နေ၏။

ဣန္ဒကနတ်သားသည်လည်း လက်ယာနံပါး၌သာလျှင် နေ၏။ အင်္ကုရနတ်သားသည် လက်ဝဲနံပါး၌ နေ၏။

WWW.DHAMMARANSI.COM



တန်ခိုးကြီးသော နတ်တို့သည် လာကြလေလျှင် အင်္ကုရနတ်သားသည် တဖြည်းဖြည်းရှောင်၍ နောက်ဆုတ် ပေးရာမှ မြတ်စွာဘုရားနှင့် တဆယ့်နှစ်ယူဇနာ ဝေးကွာသော အရပ်၌ နေရာရတော့၏။

ဣန္ဒကနတ်သားကား မတ်တော်နတ်သား၏ အနီးမှာသာ လျှင်နေ၏။

မြတ်စွာဘုရားသခင်သည် ထိုနတ်သား နှစ်ယောက်တို့ကို ကြည့်၍ ကိုယ်တော်မြတ်၏သာသနာတော်၌ မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်တို့အား ပေးလှူရခြင်း၏ အကျိုးကြီးမြတ်ခြင်းကို သိစေလိုသဖြင့် အင်္ကုရနတ်သားအား မေးတော်မူ၏။

“အင်္ကုရနတ်သား... သင်သည် ကဿပမြတ်စွာဘုရား သာသနာတော်နှင့် ငါ၏သာသနာတော်အကြား၌ အနှစ်တသောင်း တန်းနေကြရသောခေတ်တွင် အသင်သည် တဆယ့်နှစ်ယူဇနာမျှ ရှည်သောမီးဖိုကြီးတို့ဖြင့် ကြီးစွာသောအလှူကိုအနှစ်တသောင်း တိုင်တိုင် ပေးလှူခဲ့သည်မဟုတ်လော။

ယခု ငါဘုရား၏အနီးသို့ ရောက်ပြီးပါလျက် တဆယ့်နှစ်ယူဇနာဝေးသော နေရာ၌သာ နေခွင့်ရ၏။ အဘယ်သို့သော အကြောင်းကြောင့်နည်း”

မြတ်စွာဘုရား၏ မိန့်တော်မူသောအသံသည် မြေအပြင်မှ ပရိသတ်များပင် ကြားနာကြရ၏။

အင်္ကုရနတ်သားက—

“အရှင်မြတ်ဘုရား။ သာသနာတော်၏အပဖြစ်၍ မြင့်မြတ်သော အလှူခံ မရှိသည့်ခေတ်တွင် ကြီးကျယ်များပြားစွာ လှူသော်လည်း ကျိုးမျှသာ အကျိုးခံစားခွင့်ရပါသည်ဘုရား”

WWW.DHAMMARANSI.COM



အကုံရနတ်သားလျှောက်ကြားပြီးနောက် မြတ်စွာဘုရားက ဣန္ဒကနတ်သားကို–

"အချင်းဣန္ဒက၊ ငါဘုရား၏လက်ယာနံပါး၌ထိုင်နေလျက် အဘယ်ကြောင့်နေရာကို အခြားနတ်များအား ဖယ်ရှားမပေးပဲ ထိုင်နေသနည်း"

ဟု မေးတော်မူ၏။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ တပည့်တော်သည် ရွာတွင်းသို့ ဆွမ်းခံကြွလာသော အရှင်အနုရုဒ္ဓါမထေရ်အား မိမိစားမည့်ထမင်းမှ တဇွန်းမျှလောက်သောဆွမ်းကို ပေးလှူခဲ့ပါ၏။ ထိုတဇွန်းမျှလောက်သော ဆွမ်း၏ ကောင်းမှုကံကြောင့် တန်ခိုးကြီးသောနတ်များကို နေရာဖယ်မပေးပဲ နေနိုင်ရပါသည်"ဟု လျှောက်၏။

ထိုနောက် ဣန္ဒကနတ်သားက ထပ်မံ၍ လေးဂါထာတို့ဖြင့် လျှောက်ထားပြန်၏။

(၁) ကုန်းခေါင်၍မြေဩဇာနည်းပါးသောလယ်၌ များစွာသောမျိုးစေ့ကိုစိုက်ပျိုးပါသော်လည်းသီးသော အသီးများမှာ မဖွံ့ဖြိုးနိုင်ပါ။ လယ်သမားကိုလည်း ဝမ်းမြောက်ခြင်း မဖြစ်စေနိုင်ပါ။

(၂) ထို့အတူ သာသနာ၏အပ၌ သီလမရှိသောပုဂ္ဂိုလ်တို့ကိုများစွာပေးလှူအပ်သောအလှူသည်ဖွံ့ဖြိုးသော အကျိုးကို မရနိုင်ပါ။

(၃) လယ်မြေကောင်း၌ မျိုးစေ့အနည်းငယ်မျှ စိုက်ပျိုးရလျှင် မြေကောင်း၌ ရေကောင်းနှင့်တွေ့ပြီးများစွာ သီးနိုင်သဖြင့် လယ်သမားကို ဝမ်းမြောက်စေ၏။

ဆ ၌ ဓ ဘ ကြွ မ်

WWW.DHAMMARANSI.COM



(၄) “ထို့အတူ သီလရှိကုန်သော ဂုဏ်ကျေးဇူး အထူးရှိသော သည်းခံခြင်းအကျိုးနှင့် ပြည့်စုံသောကျေးဇူး၌ပြုအပ်သော ပူဇော်အပ်သောအနည်းငယ်မျှသော ကောင်းမှုသည် များစွာသောအကျိုးကိုကြီးမားစွာ ဖြစ်စေ၏။ ဤသို့လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် အင်္ကုရနတ်သားအား—

“အင်္ကုရနတ်သား။ အလှူကို စိစစ်ရွေးချယ်၍ လှူသင့်၏။ ဤသို့ စိစစ်ရွေးချယ်၍လှူမှသာလျှင် ထိုအလှူသည်မြေဩဇာကောင်းသော လယ်၌စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုးကြီးမား၏။

သင်သည်ကား သာသနာပ၌လှူရသဖြင့် သင်၏အလှူသည် အကျိုးကြီးမားခြင်း မရှိခဲ့ချေ”

ဟုမိန့်တော်မူပြီးထိုအကြောင်းကို ထင်စွာပြလိုသောကြောင့်

“အင်္ကုရ–အကြင်ပုဂ္ဂိုလ်၏ စိစစ်ရွေးချယ်၍ လှူအပ်သော မြလှူသည် များမြတ်သော အကျိုးရှိ၏။ ဤသတ္တလောက၌ အတ်သောအလှူကိုခံထိုက်ကုန်သောပုဂ္ဂိုလ်တို့ရှိကုန်၏။ ထိုပုဂ္ဂိုလ်တို့ကိုပေးလှူရခြင်းသည် ကြီးမားသောအကျိုးကို ဖြစ်စေ၏။ လယ်မြေကောင်း၌ စိုက်အပ်သော မျိုးစေ့တို့သည် များသော အသီးရှိကုန်သကဲ့သို့ ထို့အတူ များသောအကျိုး ရှိကုန်သည် ဖြစ်၏။

ထို့ကြောင့် ရွေးချယ်စိစစ်၍လှူခြင်းကို ဘုရားရှင်တို့သည် ချီးမွမ်းအပ်၏။

ဟု မိန့်တော်မူ၍ ထို့ထက်တဖန်တရားတော်ကို ဟောတော်မူလိုသောကြောင့် ဤသို့ ဟောတော်မူ၏။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



(၃၅၆) လယ်ယာတို့ကို ပေါင်းမြက်တို့ ဖျက်ဆီး၏။ ဤသတ္တဝါတို့ကို အတွင်းရာဂသည် ဖျက်ဆီး၏၊ ထို့ကြောင့် ရာဂကုန်ပြီးသောပုဂ္ဂိုလ်တို့၌ ပေးလှူရသောအလှူသည် အကျိုးများမြတ်သည်ဖြစ်၏။

(၃၅၇) လယ်ယာတို့ကို ပေါင်းမြက်တို့ဖျက်ဆီး၏။ ဤသတ္တဝါတို့ကို ဒေါသသည် ဖျက်ဆီး၏။ ထို့ကြောင့် ဒေါသကုန်ပြီးသောပုဂ္ဂိုလ်တို့၌ ပေးလှူရသောအလှူသည် အကျိုးများမြတ်သည်ဖြစ်၏။

(၃၅၈) လယ်ယာတို့ကို ပေါင်းမြက်တို့ ဖျက်ဆီး၏။ ဤသတ္တဝါတို့ကို အတွင်း၌ဖြစ်သော မောဟသည် ဖျက်ဆီး၏။ ထို့ကြောင့် မောဟကုန်ပြီးသော ပုဂ္ဂိုလ်၌ ပေးလှူရသော အလှူသည် အကျိုးများမြတ်သည်ဖြစ်၏။

(၃၅၉) လယ်ယာတို့ကို ပေါင်းမြက်တို့ ဖျက်ဆီး၏။ ဤသတ္တဝါတို့ကိုအတွင်း၌ဖြစ်သောအလိုရမ္မက်သည်ဖျက်ဆီး၏။ ထို့ကြောင့် အလိုရမ္မက်ကုန်ပြီးသော ပုဂ္ဂိုလ်တို့၌ ပေးလှူရသော အလှူသည် အကျိုးများမြတ်သည်ဖြစ်၏။

(၃၆၀) လယ်ယာတို့ကို ပေါင်းမြက်တို့သည်ဖျက်ဆီး၏။ ဤသတ္တဝါတို့ကို အတွင်း၌ဖြစ်သော တဏှာသည် ဖျက်ဆီး၏။ ထို့ကြောင့် တဏှာကင်းပြီးသော ပုဂ္ဂိုလ်တို့၌ ပေးလှူရသော အလှူသည် အကျိုးများမြတ်သည်ဖြစ်၏။

ဤသို့ဟောတော်မူသော ဒေသနာတော်၏အဆုံး၌ အင်္ကုရနတ်သား၊ ဣန္ဒကနတ်သားနှစ်ဦးစလုံးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

WWW.DHAMMARANSI.COM

နတ်ပြည်က ကြိုဆိုခြင်းခံရသော

# နန္ဒိယ သူကြွယ်ဝတ္ထု



၁/၁၁

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

## နတ်ပြည်မှ ကြိုဆိုခြင်းခံရသူ

# နန္ဒိယသူကြွယ် ဝတ္ထု၊

ကြာမြင့်စွာကွဲကွာ၊ ဝေးရပ်ရွာမှ သုခချမ်းသာ ကြီးမြင့်
စွာဖြင့် ရောက်လာသူအား
ဆွေမျိုးများက၊ ဝမ်းသာအားရ ကြိုဆိုကြသကဲ့သို့
တမလွန်ကူးပြောင်း သူတော်ကောင်းအား
ပြုခဲ့သမျှ ကုသိုလ်က
ရှင်လန်းအားရ ကြိုဆိုကြ၏။

ဤဒေသနာတော်ကို ဗာရာဏသီပြည် ဣသိပတနအမည်ရ သော ဥယျာဉ်၌ နန္ဒိယသူကြွယ်ကိုအကြောင်းပြု၍ ဟောကြား တော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဗာရာဏသီပြည်၌ သူကြွယ်သား နန္ဒိယသည် မိဘတို့နှင့်အတူ ရဟန်းသံဃာတို့အား ကြည်ညိုသဒ္ဓါ လုပ်ကျွေးလေ့ ရှိကြ၏။

မကြာမီပင် မျက်နှာချင်းဆိုင်အိမ်မှ ဦးရီးတော်သူ၏ သမီး 'ရေဝတီ'နှင့် မိဘတို့က လက်ထပ်စေလို၏။

ရေဝတီသည် ရတနာသုံးပါး၌ ကြည်ညိုခြင်းမရှိ။ လှူဒါန်း ပေးကမ်းခြင်းလည်းမရှိ။ ထို့ကြောင့် နန္ဒိယသည် ရေဝတီကို အလိုမရှိ။

WWW.DHAMMARANSI.COM

နန္ဒိယအအမေက ရေဝတီကို ရဟန်း သံဃာတို့အတွက် ပြုစုလုပ်ကျွေးရန်၊ နေရာခင်းရန်၊ ဆွမ်းကပ်ရန်၊ သောက်ရေကပ်ရန်တို့ကို သင်ကြားပေး၏။

ဤသို့ပြုလုပ်လျှင် ငါသွားသည် နှစ်သက်ပေလိမ့်မည်ဟု ပြော၏။ ရေဝတီသည် နန္ဒိယ၏မိခင် ပြောသည့်အတိုင်းလုပ်၏။

ထို့ကြောင့် နန္ဒိယက လက်ထပ်ယူ၏။

နန္ဒိယ၏ ကျောင်းအလှူ

ရဟန်းသံဃာကိုလည်းကောင်း၊ ငါ၏ အမိအဖတို့ကိုလည်းကောင်း ပြုစုလုပ်ကျွေးနေသမျှ၊ ဤအိမ်တွင် ပျော်ရွှင်စွာနေရမည်။ မမေ့မလျော့နှင့်ဟု မှာ၏။

ရေဝတီသည် ဝန်ခံ၍ ကြည်ညိုလေဟန် ပြုစု လုပ်ကျွေး၏။

ဤသို့ဖြင့် သားနှစ်ယောက်ပင် ဖွားမြင်ပြီးနောက် မိဘတို့ ကွယ်လွန်ကြ၏။

ရေဝတီသည် ထိုအိမ်၌ အုပ်ချုပ်သူဖြစ်သွား၏။

နန္ဒိယသည် မိဘတို့မရှိသည့်နောက် အလှူရှင်အဖြစ် ရဟန်းသံဃာတို့ကို လည်းကောင်း၊ ခိုကိုးရာမဲ့သူတို့ကို လည်းကောင်း၊ ခရီးဝေးမှ လာရောက်သူတို့ကိုလည်းကောင်း အိမ်ရှေ့၌ ထမင်းအလှူကို ပေး၏။

ထို့နောက် နန္ဒိယသည် ဣသိပတနဥယျာဉ်တွင်းရှိ ကျောင်းတိုက်ကြီး၌ လေးသွယ်သော တိုက်ကြီးကို မုခ်ဦးအထွတ်လေးသွယ်ဖြင့် ဆောက်၍ ခုတင်ညောင်စောင်းတို့အပြည့်အစုံ ခင်းပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ရေစက်သွန်းချ လှူဒါန်း၏။

မြတ်စွာဘုရားထံ ရေစက်ချသည်နှင့်တပြိုင်နက် တချိန်တည်း

WWW.DHAMMARANSI.COM



ပင် တာဝတိံသာနတ်ပြည်၌ တဆယ့်နှစ်ယူဇနာ အဝန်းရှိသော အထက်သို့ ယူဇနာတရာ တက်သော ပြာသာဒ်သည် ပေါက် လေ၏။ ထိုပြာသာဒ်တွင် ရတနာခုနစ်ပါး ဆင်ယင်ထားသော နတ်သမီးငယ်အပေါင်းတို့ဖြင့် ပြည့်လေ၏။

အရှင်မောဂ္ဂလာန် နတ်ပြည်သို့ကြွခြင်း

တနေ့သ၌အရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွ၍ ထိုပြာသာဒ်အနီး၌ရပ်စဉ် နတ်သမီးအပေါင်းတို့ သည် အရှင်မောဂ္ဂလာန်ကိုမြင်၍ လာရောက် ဖူးမြော်ပြီး...

"တပည့်တော်မတို့သည် နန္ဒိယနတ်သား၏ အလုပ်အကျွေး အဖြစ် ဤဗိမာန်၌ဖြစ်လာကြပါသည်။ အရှင်သခင်မရောက်လာ သေးသောကြောင့် အလွန်ပင်ငြီးငွေ့ခြင်းဖြစ်ရပါသည်။ နန္ဒိယ သူကြွယ် နတ်ပြည်စည်းစိမ်ကို ခံစားရန် ဤနတ်ပြည်သို့ အမြန် လာဖို့ အမိန့်ရှိပေးပါ"ဟု လျှောက်ကြ၏။

မြတ်စွာဘုရားသခင်ကို လျှောက်ခြင်း

အရှင်မောဂ္ဂလာန်သည် တာဝတိံသာမှပြန်လာပြီး မြတ်စွာ ဘုရားထံ ချဉ်းကပ်၍ ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား....လူ့ပြည်၌နေယင်းပင် ကောင်းမှုကုသိုလ် ပြု သောသူတို့၏ နတ်စည်းစိမ်သည် ဖြစ်နိုင်ပါသလား ဘုရား"

"သင်သည် နတ်ပြည်၌ နန္ဒိယ၏ ဗိမာန်ကို ကိုယ်တိုင်မြင်ခဲ့ ရသည်မဟုတ်လော။ ငါ့ကို အဘယ်ကြောင့် မေးသနည်း"

"မြင်ခဲ့ရပါသည်ဘုရား"

"မောဂ္ဂလာန်။ ကြာမြင့်စွာ ကွေကွင်းနေရသော သားကို လည်းကောင်း၊ ညီကိုလည်းကောင်း၊ အဝေးအရပ်မှပြန်၍ရောက်

WWW.DHAMMARANSI.COM



လာသည်ကို မျှော်ခါ၍ရှိသော တစုံတယောက်မြင်၍ ဆွေမျိုးတို့အိမ်သို့ အလျင်အမြန်လာပြီး အကြောင်းကြား၏။

ထိုသူ၏ဆွေမျိုးတို့သည် အလွန်ဝမ်းသာစွာ အလျင်အမြန်ထွက်၍ နှုတ်ဆက်ခြင်းကို ပြုလျက် နှစ်သက် ရွှင်လန်းကြရ သကဲ့သို့....

ထို့အတူပင် ဤလူ့ပြည်၌ကောင်းမှုကုသိုလ်ရှိသော သူတော်ကောင်းသည် လူ့ပြည်ကို စွန့်၍ တမလွန်ဘဝသို့ သွားသော ယောကျ်ားကိုလည်းကောင်း၊ မိန်းမကို လည်းကောင်း၊ နတ်တို့သည် ပန်းနံ့သာ လက်စွဲလျက် နတ်တို့၏ လက်ဆောင်တို့ဖြင့် သူ့ထက်ငါ ဦးအောင် ဝမ်းမြောက်စွာ ကြိုဆိုကြကုန်၏ဟု မိန့်တော်မူပြီး....

(၂၁၉) စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။

(၂၂၀) တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂဏှန္တိ၊ ပိယံ ဉာတိံဝ အာဂတံ။ ။

[၂၁၉] ကြာမြင့်စွာကွဲကွာနေရသော၊ စည်းစိမ်ချမ်းသာ တိုးပွား၍ အဝေးအရပ်မှ ရောက်လာသည့်သူတို့ကို ဆွေမျိုးမိတ် အဆွေခင်ပွန်း ချစ်ခင်သူတို့သည် အလွန်ဝမ်းမြောက်စွာ ကြိုဆိုကြ၏။

[၂၂၀] ထို့အတူပင် ဤလောကမှ တမလွန်ဘဝသို့သွားသော ကောင်းမှုရှင်ကို ပြုလုပ်ခဲ့သည့်ကောင်းမှုတို့သည်ချစ်လှစွာသော မိတ်ဆွေမျိုးတို့ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ပိယဝဂ် ကိုးခုမြောက် နန္ဒိယသူကြွယ်ဝတ္ထု)

ဆင့်မအကြိမ်

WWW.DHAMMARANSI.COM

# မဟာဓမ္မိက ဥပါသကာဝတ္ထု

ကုသိုလ်ကောင်းမှုပြုသူသည်
ယခုဘဝ၌လည်း ဝမ်းမြောက်ရ၏
တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏
မိမိ၏စင်ကြယ်သော ကုသိုလ်ကံ၏
ပြည့်စုံခြင်းကို မြင်ရသောအခါ
အလွန်ပင် ဝမ်းမြောက်ရပေ၏။

ဤဒေသနာတော်ကိုသာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ မဟာဓမ္မိက ဥပါသကာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း။

သာဝတ္ထိပြည်၌ တရားကျင့်သုံးသူတို့၏အကြီးအကဲဖြစ်သော မဟာဓမ္မိကဥပါသကာသည်ရှိ၏။တရားကျင့်သုံးသူ ဓမ္မိကငါးရာတို့၏အကြီးအမှူးဖြစ်၏။ထိုဓမ္မိကဥပါသကာငါးရာတို့တွင်လည်း တဦးတဦးလျှင် ငါးရာစီမျှသော ဥပါသကာတို့ ရှိကြ၏။

မဟာဓမ္မိက ဥပါသကာတွင် သားခုနစ်ယောက်၊ သမီး ခုနစ်ယောက်ရှိ၏။ မယားနှင့်တကွ အိမ်သားတဆယ့်ခြောက်ယောက်ရှိ၏။ ထိုတကျိပ်ခြောက်ယောက်သော အိမ်သားတို့သည် သံဃာတော်တို့၏ဝတ်ကို အလှည့်ကျဆောင်ရွက်ကြ၏။

ဤသို့ ဒါန၊ သီလတို့ဖြင့် တအိမ်သားလုံး ဝတ်မပျက်စေပဲ အထပ်ထပ် လှူဒါန်းပူဇော်လျက် နေကြ၏။

WWW.DHAMMARANSI.COM




ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



## သေခြင်းတရားကို ရင်ဆိုင်ရပြီ

ဤသို့ ကုသိုလ်ဖြင့် ထုံမွမ်းယင်း နေလာကြရာမှ မဟာဓမ္မိက ဥပါသကာသည် အသက်အရွယ်ရင့်ရော်ကာ အိုမင်း၍လာသည့် အချိန် ရောဂါဝေဒနာ ကပ်ရောက်လာတော့၏။

မဟာဓမ္မိကသည် ဤဝေဒနာမှ ထမြောက် နိုင်တော့မည် မဟုတ်ဟု သိသဖြင့် သားတို့အား မြတ်စွာဘုရား ကျောင်းတော်သို့သွားပြီး မဟာဓမ္မိကဥပါသကာအား တရားချီးမြှင့်ရန် ရဟန်းတော် ၈ ပါးပါးစေလွှတ်ပေးတော်မူပါရန် လျှောက်ထားစေ၏။ ရဟန်းတော်ငါးပါး ကြွရောက်လာလျှင် မဟာဓမ္မိက က သတိပဋ္ဌာနသုတ္တန်ကို နာကြား လိုပါသည်ဟု လျှောက်ကြားသည့် အတိုင်း ရဟန်းတော်များက သတိပဋ္ဌာန်သုတ္တန် ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြ၏။

မဟာဓမ္မိကဥပါသကာသည် အိပ်ရာထက်မှ မျက်စိကိုမှိတ်၍ တရားတော်ကို အာရုံပြု နာကြားနေ၏။

## နတ်ပြည်မှ အကြိုရောက်ခြင်း

တရားတော်ကို အာရုံစူးစိုက်သဖြင့် ဝေဒနာ ခံစားမှုတွင် အာရုံ လျော့ပါးသွားစဉ် မဟာဓမ္မိကဥပါသကာ၏ စိတ် ကြည်လင်ခိုက်တွင် အိမ်နံရံ အိမ်အမိုးတို့သည်ဟင်းလင်းဖြစ်ကာ ကြည်လင်သော မိုးကောင်းကင်အပြင်၌ များစွာသော နတ်တို့သည် ရှင်ကြည်သော မျက်နှာများဖြင့် တရားတော်ကို လာရောက် နာကြားနေကြသည်ကို မြင်ရ၏။

ထိုတရားနာ နတ်ပရိသတ်အကြားမှ သိန္ဓဝ နတ်မြင်းများ ကသော နတ်ရထား ခြောက်စင်းတို့ ဆိုက်ရောက် လာကြ၏။ နတ်ရထား ခြောက်စင်းမှာ နတ်ပြည်ခြောက်ထပ်မှ ဖြစ်ကြပြီး

WWW.DHAMMARANSI.COM



အကြီးအမှူးတို့အား မဟာဓမ္မိကအား သူ့နတ်ရထားသို့ တက်ပါ၊ ငါ့နတ်ရထားသို့တက်ပါဟု ပင့်ခေါ်နေကြ၏။

မဟာဓမ္မိကဥပါသကာသည် အာရုံအမြင်ဖြင့် မဟုတ်တော့။ တကယ့်မျက်စိဖြင့် မြင်နေရ၏။ တဖက်မှ ရဟန်းတော်တို့ သတိပဋ္ဌာနသုတ်တော်ရွတ်နေသံကိုလည်း ကြားနေရ၏။

တာဝတိံသာမှ ရထားမှူး၊ တုသိတာရထားမှူး၊ ယာမာ၊ ဝသဝတီ စသော နတ်ပြည်ခြောက်ထပ်၊ ရထားခြောက်စင်းမှ ရထားမှူးတို့က မိမိတို့ဘုံဗိမာန်၏ သာယာပုံကိုပြောပြ၍ ယာဉ်ပင့်လိုက်ပါရန် ပင့်ခေါ်နေကြ၏။

မမြင်ရသူများ အထင်လွဲကြခြင်း

မဟာဓမ္မိက ဥပါသကာက သုတ္တန်ဒေသနာတော်ကို ဆုံးအောင် နာကြားသွားလိုသေးသဖြင့် အတင်းလာရောက် ခေါ်နေကြသော နတ်ရထားမှူးတို့အား—

"ခဏဆိုင်းပါဦး"

"ခဏဆိုင်းပါဦး"ဟု ပြောကြား၏။

မဟာဓမ္မိက၏ "ခဏဆိုင်းပါဦး"ဟု နတ်ရထားမှူးတို့အား ပြောသောအသံမှာထွက်သွား၏။ သံဃာတော်များက ဥပါသကာကြီးသည် ဝေဒနာကို အပြင်းအထန်ခံစားနေရ၍ တရားတော်ကို ရပ်ခိုင်းသည်ဟု ထင်မှတ်ပြီး အသာအယာကြွသွားတော်မူကြ၏။

သားသမီးတို့သည်ယာခင်အခါများက ဖခင်ကြီးသည် တရားတော်နာကြားရသည်ကို အလွန်ကြည်နူး နှစ်သိမ့်ခဲ့၏။ တရားနာရသည်ကို မရောင့်ရဲမတင်းတိမ်နိုင်သူ ဖြစ်ခဲ့ပါလျက် ယခုသေအံ့ဆဲဆဲကာလတွင် တရားတော်သံကို မနာကြားမခံယူပဲ ရပ်ဆိုင်း

WWW.DHAMMARANSI.COM



ခိုင်းလိုက်သည့်အတွက်(လားရာဂတိ လွဲမှားတော့မည်)ဟုစိုးရိမ်ပြီး ကျိတ်၍ ငိုကြွေးကြ၏။

မဟာဓမ္မိကသည် တရားတော်သံ မကြားရ၍ မျက်စိကိုဖွင့်ကြည့်ပြီး သံဃာတော်များ ကြွသွားကြပြီလားဟုမေး၏။ သားသမီးများက အဖေဏာ ရပ်ခိုင်းစေသဖြင့် သံဃာတော်များ ကြွသွားကြပါသည်ဟု ပြောကြ၏။

"ငါမပြောမိပါကလား"ဟု ဆိုသောအခါ"အဖေဏာ ခဏဆိုင်းပါဦး၊ ခဏဆိုင်းပါဦး"ဟု နှစ်ကြိမ်မျှပြောပါသည်။ အဖေသည် တရားတော်နာကြားရသည်ကို အစဉ်အမြဲနာကြား၍မဝနိုင်သူဖြစ်ပါလျက် ယခုအချိန်မှ တရားတော်ကိုရပ်ဆိုင်းစေသည်မှာ လားရာဂတိအတွက် စိုးရိမ်မိသဖြင့် သားသမီးများပင်ငိုကြွေးမိကြပါသည်"ဟု ပြော၏။

"သြော်... ခဏဆိုင်းပါဦးဟု ငါပြောမိသည်မှာမှန်ပေသည် သို့သော် ရဟန်းတော်များကို ငါပြောမိသည်မဟုတ်။ ငါ့ထံ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့ ဆိုက်ရောက်လာပြီး ရထာမှူးတို့က သူ့ဘုံမှာစံလှည့်ပါ၊ ငါ့ဘုံမှာစံလှည့်ပါဟု အတင်းလုံ၍ရောက်ခေါ်ငင်နေကြသဖြင့် ငါအဖေသည် တရားတော်ကို ဆုံးအောင်နာကြားလိုသောဆန္ဒဖြင့် နတ်ရထားမှူးတို့အား ခဏဆိုင်းပါဦးဟု ပြောခြင်းသာဖြစ်ပေသည်" ဟု အဖေကပြောလေလျှင် သားသမီးတို့က အဖေသည် သေအံ့ဆဲဆဲ၌ သွေးလေချောက်ချား ထင်ရာများကိုပြောနေလေပြီ လားရာဂတိ လွဲမှားပေတော့မည်ဟု မြင်းစွာငိုကြွေးကြ၏။

WWW.DHAMMARANSI.COM



"သတိထားပါအဖေ၊ အဖေ့မှာ ဒါန၊ သီလ၊ ဘာဝနာနှင့် ပြည့်စုံသူဖြစ်ပါလျက် ကယောင်ခြောက်ချား ပြောဆိုနေသည်မှာ မသင့်ပါ" ဟု သတိပေးကြ၏။

လက်တွေ့ သက်သေပြခြင်း

မဟာဓမ္မိက ဥပါသကာက...

"ဤအိမ်၏ ကောင်းကင်ပြင် တဝန်းလုံးတွင် နတ်ရထားတို့ ဆိုက်ရောက်နေကြသည်ကို သင်တို့မမြင်ကြသလော" ဟုမေး၏။ သားတို့ သမီးတို့က "မမြင်ကြပါ" ဟု ဆိုလျှင် အဖေက....

"ကောင်းပြီ၊ အိမ်တွင်ပန်းကုံးများအဆင်သင့်ရှိမါသလော" ဟု မေး၏၊ "ရှိပါသည်" ဟု ပြောကြ၏။

"သားတို့ သမီးတို့၊ နတ်ပြည်ခြောက်ထပ်တွင် အဘယ်နတ်ပြည်သည် ပို၍ကောင်းမြတ်သနည်း" ဟု မေး၏။ "တုသိတာ နတ်ပြည်သည် အကောင်းဆုံး ဖြစ်ပါသည်" ဟု ပြောကြ၏။

"ဤသို့ဆိုလျှင် တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ဤပန်းကုံးသည် ငြိပါစေသတည်းဟု အဓိဋ္ဌာန်၍ စေလွှတ်လော့။ ကောင်းကင်၌ ပန်းကုံးတွဲလွဲဆွဲ၍နေသောနေရာသည် တုသိတာ နတ်ပြည်မှလာသော နတ်ရထားနေရာဖြစ်သည်" ဟု ပြော၏။

သားသမီးတို့သည် အဓိဋ္ဌာန်ပန်းကုံးကိုလွှတ်၏။

ပန်းကုံးသည် ကောင်းကင်၌ တွဲလွဲဆွဲ၍ ရပ်တည်၏။ နတ်ရထားကိုကား မမြင်ရပေ။

သားသမီးတို့က ဖခင်ထံပြန်လာပြီး အားရဝမ်းသာပြောကြ၏။ မဟာဓမ္မိကဥပါသကာက "ချစ်သား၊ ချစ်သမီးတို့ ငါသည် တုသိတာနတ်ပြည်သို့လိုက်ပါသွားတော့မည်။ ငါဖခင်၏ပြုပြင်လူ ဒါနီးစောင့်ရှောက်ခဲ့သောကုသိုလ်ကောင်းမှုတို့ကို အသက်ထက်

WWW.DHAMMARANSI.COM



ဆိုး ဆက်လက် စောင့်ရှောက်ကြကုန်လော့။ ငါ၏ကျုံခန္ဓာဇီဝိန် ချုပ်ငြိမ်းသည်နှင့် ငါသွားရာခရီးကို အမှတ်ပြု၍ ကောင်းကင်သို့ ရှုကြည့်ကာ သာဓုခေါ်ကြပေတော့”ဟု ပြောဆိုမှာထားပြီး ဇီဝိန်ချုပ်လေ၏။

သားတို့ သမီးတို့သည် ကောင်းကင်မှ ရပ်တည်သောပန်းကုံးကိုကြည့်ကြ၏။ ပန်းကုံးသည် တဖြည်းဖြည်းမြင့်၍ သွားရာမှ သေးငယ်ပျောက်ကွယ်၍သွားသည့်အခါ သားသမီးတို့က သာဓုခေါ်ကြပြီး ကျန်ခဲ့သော ရုပ်အလောင်းကို သင်္ဂြိုဟ်မှု ပြုကြ၏။

မဟာဓမ္မိကဥပါသကာသည် တုသိတာနတ်ပြည်၌ သုံးဂါ စုတ်ရှိသော ခန္ဓာကိုယ်ဖြင့် နတ်သမီးတထောင်ခြံရံလျက် ယူဇနာ နှစ်ရာ့ငါးဆယ်ရှိသော ရတနာခုနစ်ပါးနှင့် တည်ဆောက်သည့် ဗိမာန်ကြီး၌ စံစားရလေ၏ဟု မိန့်တော်မူပြီး—

(၁၆) ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။

(၁၆) ကောင်းမှုရှင်သည် ယခုလည်း ဝမ်းမြောက်ရ၏။ တမလွန်၌လည်း ဝမ်းမြောက်ရ၏။ နှစ်ဘဝစလုံး ဝမ်းမြောက်ရ၏။ မိမိ၏ စင်ကြယ်သောကုသိုလ်၏ ပြည့်စုံခြင်းကိုမြင်သောအခါ ဝမ်းမြောက်ရပေ၏။ အထူးထူးအပြားပြား ဝမ်းမြောက်ရပေ၏။

(ဓမ္မပဒ ယမကဝဂ် တဆယ့်တစ်ခုမြောက် မဟာဓမ္မိကဥပါသကာ ဝတ္ထုပြီး၏။) ခေတ်မီဓမ္မပဒ ပထမတွဲ—

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

ပျားပိတုန်းနှယ် ကျင့်စေဖွယ်

# မစ္ဆရိယကောသိယ သဋ္ဌေးကြီးဝတ္ထု

ပျားပိတုန်းသည်
ပန်းပွင့်နှင့် အဆင်းအနံ့တို့ကို မပျက်စီးစေပဲ
ဝတ်ရည်ကို ယူဘိသကဲ့သို့
ရဟန်းသူမြတ်တို့သည်
သဒ္ဒါတရားကို မထိခိုက်စေပဲ
ပစ္စည်းဥစ္စာကို မထိခိုက်စေမူ၍
ပစ္စည်းလေးပါးကို ခံယူရာ၏။

ဤဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မစ္ဆရိယသဋ္ဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

(ဝတ္ထုကြောင်းကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏။)

ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူသောအခိုက် တခနသော မိုးသောက်ယံတွင် မဟာကရုဏာ ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM



သမာပတ်မှထတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ရွေးညာဏ်တော်ကွန်ရက် ဖြန့်ကျက်လျက် စကြဝဠာတိုက်တခွင်းကို ရှုကြည့်တော်မူလေရာတွင်....

ရာဇဂြိုဟ်ပြည်ကြီး၏ မှန်းမဝေး သာဝတ္ထိပြည်မှ ခရီး ၄၅ ယူဇနာမျှ ကွာဝေးသော သက္ကာရနိဂုံးရွာ၌ မစ္ဆရိယကောသိယ သဌေးနှင့်တကွ ခင်ပွန်းမယားပါ သောတာပတ္တိဖိုလ်၌ တည်၍ ကျွတ်တန်းဝင်မည်ကို မြင်တော်မူ၏။

## မစားရက် မသောက်ရက်

ထိုသဌေးကြီးသည် ကုဋေရှစ်ဆယ်မျှ ကြွယ်ဝချမ်းသာ၏။ သို့ပါသော်လည်း မိမိကိုယ်တိုင်လည်း မစားရက် မသောက်ရက် သူတပါးကိုလည်း မပေးရက် မကမ်းရက်။ နှမြောတွန့်တိုလျက် ငွေကြေးတို့ကို ဆန်ချည်တစေ့မျှ မလျော့ပါးအောင် စောင့်ရှောက်နေသူ ဖြစ်၏။

မြတ်စွာဘုရားသခင်သည် ထိုသဌေးကို ရှုမြင်တော်မူသောနေ့၌ ထိုသဌေးသည် ဘုရင်မင်းမြတ်ထံ အခစားဝင်ရန် အသွားလမ်းခရီး၌ မုန့်အိုးကင်းကပ်ကို ကျေးရွာသားတို့စားနေသည်ကို မြင်ရသဖြင့် ထိုမုန့်အိုးကင်းကပ်ကို စားလိုသော အာသာပြင်းပြစွာ ဖြစ်သတည်း။

အပြန်ခရီးတွင်လည်း ထိုသို့ပင် တွေ့မြင်ရပြန်ရာ ထပ်မံ၍ တားမရဆီးမနိုင်၊ စားလိုသောအာသာဆန္ဒ တိုးတက် ဖြစ်ပေါ်ကာ အိမ်သို့ ပြန်ခဲ့လေသတည်း။

အိမ်သို့ ရောက်လျှင် မုန့်အိုးကင်းကပ် လုပ်၍ စားမည်ဟု စဉ်းစား၏။

WWW.DHAMMARANSI.COM



"အို မဖြစ်ပါဘူး၊ မဖြစ်ပါဘူး။ ငါးစားချင်တာက တချပ်နှစ်ချပ်၊ ငါက မုန့်အိုးကင်းကပ် စားချင်တယ်ဆိုလို့ လုပ်ခိုင်းယင် တအိမ်လုံးအတွက် လုပ်ရမှာ"ဟု စဉ်းစားယင်း စားချင်သော အာသာတွင် ငွေကုန်မှာစိုးလှသဖြင့် ဇနီးမယားကိုပင် မပြောကြားပဲ ကျိတ်မှိတ်၍သာ မှိုင်တွေငေးမော၍ နေလေ၏။

ဇနီးဖြစ်သူသည် သဌေးကြီး နန်းတော်ကအပြန်မှာ မျက်နှာမကောင်းလှ၍ အကြောင်းထူး တစုံတရာ ချဉ်းကပ်၍ မေးပါသော်လည်း ဖြေရမှာခက်ခက်၊ မယားပင်လျှင် ကပ်၍ စားမှာစိုးရိမ်သည့် အချက်ကြောင့် လိုရာကို ဖွင့်မပြောပဲ နေလေရာ သဌေးကတော်ခမျာ ပိုမို၍ စိုးရိမ်လာပြီးမရမက တဖွဖွမေးလေတော့မှ မုန့်အိုးကင်းကပ် စားချင်သည့် ဖြစ်အင်နှင့် ကိုယ်တယောက်သာ စားချင်တာကြောင့် သူတပါးကိုပါကျွေးရမှာ စိုးရိမ်၍ မျိုသိပ်ကာ နေရကြောင်းကို သိလေလျှင် သဌေးကတော်က...

"အရှင်– စိုးရိမ်တော်မမူပါနှင့်၊ ငွေကြေးလည်း မကုန်ကျရအောင် တယောက်စာအတွက်မည်သူမျှမသိအောင်ဘုံခုနစ်ဆင့် တွင်တက်၍ မုန့်အိုးကင်းကပ် လုပ်ပေးပါမည်။ အရှင်တယောက်သာ စားပါလော့"ဟု ဆိုသည့်အခါ သဌေးကြီးက–

"အို ရှင်မ၊ ဆန်မုန့်ကြိတ်ရာတွင် ဆန်ကောင်းကို မကြိတ်ပဲ ဆန်ကျိုး ဆန်ကွဲတို့ကိုကြိတ်ပါ။ နို့ရည်ထောပတ် တင်လဲတို့ကို တော့ နည်းနည်းစီပဲထည့်။ မီးဖိုကလေးနဲ့အိုးကင်းတလေးကို ဘုံခုနစ်ဆင့်မှာ တိတ်တိတ်ယူခဲ့ပေတော့"ဟုဆို၏။ သဌေးကတော် လည်း ထိုအစီအစဉ်အတိုင်းယူ၍အောက်ဆုံးဘုံဆင့်မှစပြီးတံခါး

WWW.DHAMMARANSI.COM



မင်းတုပ်တို့ကို ထိုးပြီးသော် အထက်ဆုံးဘုံ၌ပြတင်းတံခါးကိုဖွင့်ပြီး မုန့်လုပ်ရန် ပြင်ဆင်လေ၏။

ရှင်မောဂ္ဂလ္လာန် မုန့်အလှူခံရန်ကြွခြင်း

မြတ်စွာဘုရားသခင်သည် နံနက်စောစောကပင်လျှင် အရှင်မောဂ္ဂလာန်ကို ခေါ်တော်မူပြီး ထိုသဌေးကြီး၏မုန့်လုပ်ရာအရပ်သို့သွားပြီး လောဘတဏှာကင်းကွာလေအောင် ကြည့်ရှုဆုံးမ၍ သဌေးလင်မယားနှင့်တကွ မုန့်တို့ကိုပါ ဇေတဝန်ကျောင်းတော်အရောက် ယူဆောင်ခဲ့လေလော့။ ငါဘုရားသည်ယနေ့အဖို့ဆွမ်းခံကြွတော်မမူပဲ သံဃာတော်ငါးရာနှင့်တကွ မစ္ဆရိယသဌေးကြီး၏ မုန့်ဖြင့်သာပင် ဆွမ်းဘုဉ်းပေးခြင်းပြုမည်ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန် မထေရ်သည် တန်ခိုးတော်၏ အစွမ်းဖြင့် မစ္ဆရိယသဌေး၏ ဘုံခုနစ်ဆင့်သော လေသာပြတင်းဈောင်းကင်အပြင်၌ ရပ်တော်မူ၏။

မစ္ဆရိယသဌေးသည် အရှင်မောဂ္ဂလာန် ဆွမ်းခံရပ်သည်ကို မြင်လျှင် ထိုခေတ်ကာလ၌ သမထကျင့်ကြံ ပျံနိုင်သူများ အမြောက်အမြားရှိသောခေတ်ဖြစ်၍ သာမန်ရဟန်းဟု အထင်ရှိပြီး လူရမည်ကို မျှားစွာတုန်လှုပ်လျက် "ကန်တော့ဆွမ်း" လိုက်လေ၏။

အရှင်မောဂ္ဂလာန်သည် ဈောင်းကင်အပြင်လေသာပြတင်းဝ၌ပင် စကြံ့တုန့်ခေါက် လျှောက်၍နေတော်မူ၏။ သဌေးက....

"စင်္ကြံလျှောက်ရုံမကလို့ ကောင်းကင်မှာ ပလ္လင်ဖွဲ့ခွေနေသော်လည်း ရမည်မဟုတ်" ဟု ဆို၏။

ရှင်မောဂ္ဂလာန်သည် ပြတင်းတံခါးအပြင် ကောင်းကင်၌ တန်ခိုးတော်ဖြင့် ပလ္လင်ဖွဲ့ ခွေနေတော်မူ၏။

ဆဌမအကြိမ်

WWW.DHAMMARANSI.COM



သခင့်ရှေးက "ပြတင်းတံခါးခုံမှာ ရပ်သည်တိုင်အောင် ဤမုန့်ကို ရလိမ့်မည်မဟုတ်" ဟု ဆို၏။ အရှင်မောဂ္ဂလာန်သည်ပြတင်းခုံ၌ ရပ်တော်မူ၏။

သခင့်ရှေးက "အရှင်ရဟန်း၊အခိုးအငွေ့လွှတ်သည့်တိုင်အောင် တစုံတခုမျှရမည်မဟုတ်" ဟု ဆို၏။

အရှင်မောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် အခိုးအငွေ့တို့ကို လွှတ်တော်မူသော် သခင့်ရှေးမျက်စိကျိန်းစပ် ခုနစ်ထပ် ဘုံအခန်းတွင် အခိုးနှင့်အန္တဖြစ်လေသဖြင့် ဘုံပြာသာဒ်ကို မီးလောင်မည်စိုးရိမ်စွာဖြင့် ဤရဟန်းသည်တစုံတရာမျှမရလျှင်သွားမည်မဟုတ်ဟု တွေးတောပြီး....

"ရှင်မ၊ ဤရဟန်းကို အလွန်အလွန် သေးငယ်စွာသော မုန့်တခုလုပ်၍ပေးပြီး လွှတ်လိုက်ပါတော့" ဟု ဆို၏။

## မုန့်များ ပွားများလာခြင်း

သခင့်ရှေးကတော်သည် မုန့်ညက်ကလေး အနည်းငယ်ကို အိုးကင်းခွက်၌ ထည့်လုပ်၏။ ကြီးစွာသောမုန့်ကြီး ဖြစ်လာပြီး အိုးကင်းခွက် တပြင်လုံးပြည့်လေ၏။

သခင့်ရှေးက သင်သည် မုန့်ညက်ကိုများစွာထည့်၍ လုပ်သည်ဟု အပြစ်တင်ပြီး မုန့်ကြီးကြီးကို ခြင်းတောင်း၌ပစ်ထည့်ကာ ကိုယ်တိုင် ဇွန်းကိုကိုင်၍ဇွန်းဖျားတွင် မုန့်ညက်တစက်တင်ရုံမျှထည့်၍ လုပ်၏။ မုန့်သည် ပိုကြီးလာ၏။

ဤမုန့်ကို မလှူရက်၍ ခြင်းတောင်းထဲထည့်ကာ နောက်တခုကို လုပ်ပြန်၏။ ပို၍ပို၍ကြီးလာ၏။

နောက်တခု လုပ်ပြန်၏။ ပို၍ ကြီးလာပြန်၏။

WWW.DHAMMARANSI.COM



ဤသို့ဖြင့် မုန့်ကြီးကြီးလှူရမှာ နှမြောတိုင်း ထပ်၍ထပ်၍ လုပ်ရာ ခြင်းတောင်းထဲတွင်ပြည့်လေ၏။ သဌေးသည် သည်းမခံနိုင်တော့။ "ရှင်မ၊ ဤရဟန်းအား မုန့်တခုကို ပေးလိုက်ပါတော့"

သဌေးကတော်သည် မုန့်တခုကိုယူ၏။ ခြင်းထဲတွင် ရှိသော မုန့်အားလုံးတို့ ကပ်၍ ပါလာ၏။

သဌေးနှင့် သဌေးကတော်တို့နှစ်ယောက်စလုံး ကပ်၍ပါလာသော မုန့်တို့ကို တဘက်စွန်းဆီမှ ကိုင်၍ နှစ်ယောက်သား ခွဲကာနေပြီး ဆွဲကြသည်။ ချွေးဒီးဒီး ကျသည့်တိုင်အောင် ဆွဲ၍မရ။ သဌေးသည် မောပန်းလှသဖြင့် မုန့်စားလိုသော အာသာဆန္ဒပင် ကုန်ခန်း၍သွားပြီး "ရှင်မ၊ ဤမုန့်အားလုံးကို ခြင်းတောင်းနှင့်တကွ ရဟန်းအား ပေးလှူ လိုက်ပါတော့" ဟု စိတ်အားပျက်စွာ ပြောလိုက်လေတော့၏။

သဌေးကတော်သည် ရှင်မောဂ္ဂလာန်ထံ ခြင်းတောင်းကိုကပ်လှူရန် ချဉ်းကပ်၏။

## အလှူဒါနအကျိုးကို ဟောတော်မူခြင်း

အရှင် မောဂ္ဂလာန်သည် ဇနီး ခင်ပွန်းနှစ်ယောက်စလုံးအား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးအထူးကို ဟောကြားတော်မူပြီး အလှူဒါန၏ အကျိုးကို ထင်ရှားစွာ ဟောပြတော်မူ၏။

သဌေးကြီးသည် တရားတော်၌ လွန်စွာ ကြည်ညိုခြင်း ဖြစ်၍ မြင့်မြတ်သော နေရာကို စီမံခင်းကျင်းကာ—

"အရှင်မြတ်ဘုရား....ဤပလ္လင်ထက်၌ပင် မုန့်ကို သုံးဆောင်တော်မူပါ" ဟု ပင့်ဆောင်၏။

WWW.DHAMMARANSI.COM



အရှင်မောဂ္ဂလာန်မထေရ်မြတ်က "သဋ္ဌေးကြီး၊ မြတ်စွာဘုရားသခင်သည် သင်၏မုန့်တို့ကို ဘုဉ်းပေး သုံးဆောင်တော်မူမည်ဖြစ်၍ ရဟန်းငါးရာနှင့် ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ အသင်တို့သည် ကြည်ညိုသဒ္ဓါ ကိုယ်တိုင်ကပ်လှူလိုပါမူ မုန့်တို့နှင့်တကွ နို့ရည်၊ တင်လဲ၊ သကာ များရည်တို့ကို ယူခဲ့လော့"

"မြတ်စွာဘုရား အဘယ်၌ သီတင်းသုံးပါသနည်း"

"ဤအရပ်မှ ၄၅ ယူဇနာဝေးသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏"

"အရှင်ဘုရား... ဤမျှဝေးသော အရပ်သို့ ဆွမ်းစားချိန်မီရန် အဘယ်သို့ ရောက်နိုင်ပါအံ့နည်း"

"သဋ္ဌေးကြီး... အသင်တို့အလိုရှိလျှင် ငါ၏တန်ခိုးအစွမ်းဖြင့် ရောက်အောင် ဆောင်ယူအံ့" ဟု မိန့်တော်မူလျှင် သဋ္ဌေးကြီးက "ကောင်းလှပါပြီ အရှင်ဘုရား" ဟု ဝန်ခံ၏။

## အရှင်မောဂ္ဂလာန် တန်ခိုးတော်

အရှင်မောဂ္ဂလာန် မထေရ်သည် သဋ္ဌေးကြီး၏ အထက်ပြာသာဒ်မှ အောက်ပြာသာဒ်အပြင်သို့ ဆင်းသက်ကာမျှဖြင့် ဇေတဝန်ကျောင်းတော်၏တံခါးမုခ်ဝ၌ ရောက်စေသတည်းဟု မိဋ္ဌာန်တော်မူ၏။ မထေရ်မြတ် မိဋ္ဌာန်တော်မူတိုင်းသာလျှင် ဖြစ်လေ၏။

သဋ္ဌေးလင်မယားတို့သည် မြတ်စွာဘုရားသခင်ထံ ချဉ်းကပ်ကာ အခါကာလကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသခင်သည် ဆွမ်းစားကျောင်းသို့သံဃာတော်တို့နှင့်တကွ ကြွဝင်တော်မူ၏။

WWW.DHAMMARANSI.COM



သင်္ဘေးကြီးလည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား သပိတ်တော်၌ မုန့်တို့ကို ထည့်၍လှူ၏။ မြတ်စွာဘုရားသည် မျှလောက်ရုံမျှ အလှူခံတော်မူ၏။

ဤနည်းဖြင့် ငါးရာကုန်သော ရဟန်းတို့ သည်လည်း မျှလောက်ရုံမျှ ခံယူကြကုန်၏။

မစ္ဆရိယ ကောသိယသင်္ဘေးသည် နို့ရည်၊ ထောပတ်၊ ပျား တင်လဲသကာ စသည်တို့ကို ပေးလှူ ထည့်လောင်းသည်ရှိသော် မကုန်နိုင်သည့်အဖြစ်သို့ ရောက်လေ၏။ မြတ်စွာဘုရားနှင့် ရဟန်းတော်များ ဆွမ်းစားခြင်း ကိစ္စပြီးလျှင် သင်္ဘေးနှင့် သင်္ဘေး ကတော်တို့သည် မုန့်တို့ကို အဝ စားသောက်သော်လည်း မုန့်တို့ သည် မကုန်ခန်းနိုင်။ စားကြွင်းစားတို့အား ပေးအမ်းလှူဒါန်း ကြသော်လည်း ကုန်ခန်းခြင်းမရှိ၍ မြတ်စွာဘုရားကို လျှောက် ထားကြ၏။

မြတ်စွာဘုရားက ဇေတဝန်ကျောင်း အရံတံခါးမုခ်ဝ၏မနီး မဝေး ချိုင့်ထဲသို့ စွန့်ပစ်ကြကုန်လော့ဟု မိန့်တော်မူ၏။ သင်္ဘေး လင်မယားသည် ပိုလျှံသောမုန့်တို့ကို ချိုင့်ဝှမ်းသို့စွန့်ပစ်ကြ၏။

သင်္ဘေးလင်မယား သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင်သည် အနုမောဒနာ ဒေသနာတော်ကို ဟောကြားတော်မူ၏။ သင်္ဘေးလင်မယားတို့သည် သောတာ ပတ္တိဖိုလ်၌တည်၍ မြတ်စွာဘုရားအားရှိခိုးပြီးဇေတဝန်ကျောင်း မုခ်ဝ၌ရှိသော မိမိတို့၏ပြာသာဒ်သို့တက်၍ နေကြ၏။

ထိုနေ့မှစ၍ သင်္ဘေးကြီးသည် ကုဋေရှစ်ဆယ်မျှသောပစ္စည်း ဥစ္စာတို့ကို သာသနာတော်၌ စွန့်ကြဲပေးလှူ၏။

ဣလ္လိသာသည် ချက်သောက်လျှင် လူသိမည်စိုး၍ ဝယ်ခိုင်းပြီး အိမ်နှင့်ဝေးရာ မြစ်ဆိပ်ကမ်းတခုရှိ ချုံထဲ၌သွား၍သောက်၏။

အမြဲမပြတ် လှူဒါန်းခဲ့သော ဖခင်သာဌေးကြီးမှာ သေလွန်၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၍နေ၏။ သားဖြစ်သူ အဘယ်သို့ ရှိလေသနည်းဟု လူ့ပြည်သို့ ကြည့်သော် အလှူမဲ့လျှော့ပ်ကိုဖျက်၍ မပေးရက် မကမ်းရက်နှင့် အရက်သောက်နေသည့်အဖြစ်ကို မြင်လေ၏။ သတိတရားရအောင်လုပ်မှ ဖြစ်တော့မည်ဟု ဣလ္လိသာသဌေးနှင့် တထေရာတည်းတူအောင်ဖန်ဆင်း၍ ဘုရင်မင်းမြတ်နန်းတော်သို့ ဝင်၏။

ဘုရင်မင်းမြတ်အား မိမိသည်တော ထွက်၍ရသေ့ရဟန်းပြုလိုပါသဖြင့် မိမိ၏ဥစ္စာပစ္စည်းများကို ဘုရင်မင်းမြတ်သိမ်းယူပါရန် လျှောက်ထား၏။ ဘုရင်မင်းမြတ်က ငါ့တွင်မြောက်မြားစွာရှိသည်။ အလိုမရှိဟု ငြင်းပယ်လျှင် မရှိဆင်းရဲသားတို့အား ပေးဝေလှူဒါန်းခွင့်ပြုပါဟု ဆို၏။

ဘုရင်မင်းမြတ်က ခွင့်ပြု၏။

သိကြား ဣလ္လိသာသည် အိမ်သို့သွား၏။ သဌေးကတော်မှစ၍ အားလုံးပင် ဣလ္လိသာအစစ်ဟုပင် ထင်မှတ်ကြ၏။ သဌေးကတော်အား အကျိုးအကြောင်း ဖျောင်းဖျပြောဆိုပြီး အိမ်စေတို့အား မြို့တွင်း၌ လှည့်လည်ကြွေးကြော်စေ၏။

လူအပေါင်းတို့သည် စုရုံးလာရောက် အလှူခံကြ၏။ သိကြား ဣလ္လိသာသည် ဝတ်စားတန်ဆာမှစ၍ ယာဉ်ရထား လှည်း နွား, များပါမကျန် ပေးလှူ၏။ ရရှိသူတို့က ဝမ်းသာအားရ သယ်သွားကြ၏။

WWW.DHAMMARANSI.COM



သဌေးဃောသိတသည် အရက်မူး၍ ချုံထဲမှထွက်အလာ မိမိ၏ အဝတ်အစား တန်ဆာ လှည်းနွားတို့ ယူဆောင်လာသည်ကို တွေ့ရသဖြင့် မိမိပိုင်ပစ္စည်းများဟု မှတ်မိသည့်အလျောက် ငါ့ ပစ္စည်းဟု အတင်းပင်လိုက်၍ လုယက်၏။ လူအပေါင်းတို့က အရက်မူးသမားဟု ရိုက်ပုတ်ထားခဲ့၏။

အဝတ်စုတ်ပြဲ ဖုံနှံအလူးလူးဖြင့် ဃောသိတသည် ကြံရာမရ ဘုရင့်နန်းတော်သို့ ဝင်ရောက်လျှောက်ထား၏။ ဘုရင်မင်းမြတ်က သင်ကိုယ်တိုင်ပင် လူဒါန်းလိုကြောင်း လာရောက် လျှောက် ထားသေးသည် မဟုတ်ပါလားဟု မေး၏။ မဟုတ်ရကြောင်း ဖြေကြား၏။

အိမ်တွင် ဃောသိတတယောက်ရှိနေကြောင်း သိရသဖြင့် နန်းတော်သို့ဆင့်ခေါ်၏။ ဃောသိတနှစ်ယောက်မှာ ခွဲမရအောင်တူနေကြ၏။ နှစ်ယောက်စလုံးက ဃောသိတအစစ်ပါဟု ပြောကြ၏။

သဌေးဃောသိတက အားလုံးတူတာ ရှိပါစေတော့၊ မတူတာ တခုတော့ ရှိသည်ကို သက်သေပြပါမည်ဟု မိမိ၏ ဆံပင်တို့ကို ရှင်းရသည့် ဆတ္တာသည်အား ဦးခေါင်းတွင် ဆံပင်အတွင်း၌ မှဲ့တလုံးရှိကြောင်း သက်သေပြ၏။ ဆတ္တာသည်ကို ခေါ်၍ စစ်မေးရာ မှဲ့ရှိကြောင်း ဝန်ခံ၍ ဦးခေါင်း၌ မှဲ့ကို ရှာကြည့်စေ၏။ ဃောသိတနှစ်ယောက်စလုံးပင် ဦးခေါင်း၌ မှဲ့ရှိကြ၏။ ဃောသိတသည် ကြံရာမရတော့ပဲ မေ့မြောသွားတော့၏။

သိကြားဃောသိတသည် ထိုအခါမှ သိကြားမင်းအသွင်ပြောင်း၍ ဃောသိတကို ရေစင်ပက်ဖျန်း သတိရစေပြီး ဖခင်သဌေးကြီး ဖြစ်ကြောင်း လူ့ဘဝတွင် ဒါနအမှု ပြုခဲ့သည် များကြောင့်

WWW.DHAMMARANSI.COM



သိကြားမင်းစည်းစိမ်ကို ရခဲ့သည်။ သားဖြစ်သူ ဣလ္လိသသည် မသူရက် မတန်းရက်ဖြစ်၍ သတိတရား ရစေရန် လာရောက် သတိပေးခြင်း ဖြစ်သည်ဟု ပြောကြားကာ ဒါန သီလ အကျိုး တရားတို့ကို ဟောကြားတော်မူပြီး မိမိဆိုင်ရာ တာဝတိံသာသို့ ပြန်လေ၏။

ဣလ္လိသသူဌေးကြီးသည် ကြီးစွာသော သံဝေဂဖြင့် ဒါန နှင့် သီလအမှုတို့ကို ပြုလေသဖြင့် စုတေသောအခါ နတ်ရွာသို့ လားရလေ၏။

မြတ်စွာဘုရားသခင်သည် ဣလ္လိသသူဌေး၏ အတိတ်ဇာတ် ကြောင်းကို ဟောကြားတော်မူပြီးနောက်....

ဇာတ်တော်ပေါင်းခြင်း

"ချစ်သားရဟန်းတို့၊ ယခုအခါ မစ္ဆရိယကောသိယသူဌေး သည် ထိုအခါက ဣလ္လိသသူဌေးဖြစ်ခဲ့သည်။ သိကြားနတ်မင်း သည် ငါ၏သားတော် ရှင်မောဂ္ဂလာန် ဖြစ်ခဲ့သည်။ ဗြဟ္မဒတ် မင်းကြီးသည် ငါ၏ညီတော် အာနန္ဒာပင်တည်း။ ငါဘုရား သည်ပင် ထိုအခါက ဆတ္တာသည်ဖြစ်ခဲ့ဖူးသည်"ဟု ဇာတ်တော် ကို ပေါင်းတော်မူ၏။ (ဓမ္မပဒ ပုပ္ဖဝဂ် ငါးခုမြောက် မစ္ဆရိယ ကောသိယ သူဌေးဝတ္ထု။)

ဆဋ္ဌမအကြိမ်မှို

WWW.DHAMMARANSI.COM

# နိဂုံး

လောကီကောင်းကျိုးချမ်းသာ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာတို့ကို ပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသော "ဓမ္မပဒ" တရားတော်များနှင့် ဘုရားရှင်လက်ထက်က တကယ့်အဖြစ်အပျက် ဇာတ်ဝတ္ထုတို့ကို တွဲညီရောစုပေါင်း၍ အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်ကြစေရန် စီစဉ်ပြုစုရာ၊ မိမိရည်မှန်းချက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့သည်။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၈၀ ပြည့်နှစ်သည် မိမိရည်မှန်းသော ကောင်းမှုကုသိုလ် တရပ်၏ အောင်မြင်သောနှစ်ဟု မှတ်တမ်းပြုအပ်ပါသည်။

ဤ "ဓမ္မပဒ လက်ရွေးစင်များ" ကို ပြုစုရာတွင် မိမိ၏ ကိုယ်ကျိုးအတွက် စိုးစဉ်းမျှမရည်ရွယ်။ ဗုဒ္ဓ၏သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် မိမိ၏ တလက်ဆွမ်း တယောက်မဖြင့် သာသနာပြုခြင်းဖြစ်ပါသည်။

### ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၁)

အမှတ် ၁-ကို (ဒါနဝတ္ထုများ) အဖြစ် (၁) လယ်စားရင်းငှား ပုဏ္ဏသဌေးကြီးဖြစ်ဝတ္ထု၊ (၂) ဥတ္တရာနှင့်သိရိမာဝတ္ထု၊ (၃) သိရိမာနှင့် ရဟန်းတပါးဝတ္ထု၊ (၄) ရှင်မောဂ္ဂလာန်နတ်ပြည်ရောက်ဝတ္ထု၊ (၅) အာနန္ဒာသဌေးကြီးဝတ္ထု၊ (၆) နန္ဒိယသူကြွယ်ဝတ္ထု တို့ဖြင့် နီးစပ်ဆက်နွယ်ရာ ပူးပေါင်းပြုစုခဲ့ပါသည်။

### ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၂)

အမှတ် ၂-ကို (အလှူရှင်ကြီးများ) အမည်ဖြင့် ရာဇဂြိုဟ်သဌေးကြီးများ ဖြစ်ကြသော (၁) ဇောတိက သဌေးကြီး၊

WWW.DHAMMARANSI.COM

(၂) ဇင်္ဂီလသင်္ဘောကြီး၊ (၈) မေဃဏ္ဏကသင်္ဘော ဝတ္ထုများနှင့် ထိုသင်္ဘောကြီးတို့၏ ရှေးအတိတ် အလှူကြီးများကို တခမ်းတနား ဖော်ပြကာ ရဟန္တာအဖြစ် ရောက်ကြသည်အထိ ပါရှိပါသည်။

ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၃)

အမှတ် ၃-တွင် (ဝိသာခါ ကျောင်းအမကြီး) အမည်ဖြင့် (၁) ရာဇဂြိုဟ်ပြည်သင်္ဘောကြီး ကာဏဝလ္လိယာဝတ္ထု၊ (၂) ဝိသာခါ ကျောင်းအမကြီး ၏ နှစ်သမီးအရွယ် သောတာပန်ဘဝမှ မှတ်သားဖွယ်ရာ ဇာတ်လမ်းအစုံနှင့် နီးစပ်ဆက်နွယ်သောဝတ္ထု များကို အကျယ်တဝင့် ဖော်ပြထားပါသည်။

ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၄)

အမှတ် ၄-တွင် (သာမဏေကျော် လေးပါး) အမည်ဖြင့် (၁) တိဿ သာမဏေဝတ္ထု၊ (၂) ပဏ္ဍိတသာမဏေဝတ္ထု၊ (၃) သံကိစ္စသာမဏေဝတ္ထု၊ (၄) သုမနသာမဏေ ဝတ္ထုများ အပြင်၊အကျဉ်းအားဖြင့်(၅)အရှင်ရေဝတ၊(၆)သုခသာမဏေ၊ (၇)သာနုသာမဏေ၊(၈)သာမဏေကျော်လေးပါး၊(၉)အရှင် ကုမာရကဿပ၊ (၁၀)အရှင်သီဝလိမထေရ်နှင့် (၁၁) ထေရာ အပါဒါန်တွင် လာရှိသော သာမဏေဘဝမှ ရဟန္တာ ဖြစ်ကြ သော ပုဂ္ဂိုလ်ပေါင်း ၁၄ ဦးတို့ကို ဖော်ပြပါရှိပါသည်။

ဤသို့ဖြင့် ဓမ္မပဒလက်ရွေးစင်ဝတ္ထုများကို အမှတ်စဉ် ၄-၅- ၆ အထိ မှတ်သားဖွယ်ရာ ဝတ္ထုတော်များကို ဓမ္မပဒ ဂါထာ တော်များနှင့် ဘာသာပြန်များပါ ပူးတွဲ၍ ပြုစု စီစဉ်သွားမည် ဖြစ်ပါသည်။

ပု-ဒိ-အာဇနှင့် ပြည့်စုံရပါလို၏။

လှခင် (ဆန်းညွန့်ဦး)

၁၃၄၂-နယုန်လပြည့်။ (၁၉၈၀ ပြည့်နှစ်၊ ဇွန်လ ၂၈-ရက်)

ဆင္ဒမအကြိမ်

WWW.DHAMMARANSI.COM

## ချက်ချင်း အကျိုးပေးသော အလှူအင်္ဂါ ၄-ပါး

(ဒိဋ္ဌဓမ္မဝေဒနီယကံ အင်္ဂါ ၄-ပါး)

၁။ အလှူရှင်၏ စေတနာ ထက်သန်မှုရှိခြင်း။

၂။ လှူသောပစ္စည်းသည် တရားသဖြင့် ရှာဖွေရရှိခြင်း။

၃။ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့ ဖြစ်ခြင်း။

၄။ နိရောဓသမာပတ်မှ ထဦးတွင် လွန်ကဲသော ဂုဏ်ရှိခြင်း။

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံလျှင် ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်၏။

## နိရောဓသမာပတ်မှ ထဦးတွင်

နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်သည် သမာပတ်ဝင်စားခဲ့သောရက်အတွင်း မည်သည့်အာဟာရ၊ ရေတပေါက်မျှပင် မသုံးဆောင်ခဲ့သောကြောင့် နိရောဓသမာပတ်မှ ထဦးအချိန်တွင် ရုပ်ခန္ဓာသည် မီးကဲ့သို့ပူလောင်နေ၏။

အချိန်မီ မဘုဉ်းပေးရလျှင် ပရိနိဗ္ဗာန် စံရမည်ဖြစ်၏။

ထို့ကြောင့် သမာပတ်မှ ထလျှင်ထချင်း လောကကို ကြည့်ရှုတော်မူ၍ (၁)မည်သူ့ကို ချီးမြှောက်ရမည်နည်း၊ (၂)ထိုသူတို့၏စေတနာ သဒ္ဓါတရား ရှိ မရှိ၊ (၃) ထိုသူတို့၏ရှေးဘဝကံ ဟောင်း ရှိ မရှိတို့ကို သုံးသပ်ပြီးမှ ထိုသူတို့ရှိရာအရပ်သို့ကြွတော်မူလေ့ရှိ၏။

WWW.DHAMMARANSI.COM

## ဒိဋ္ဌဓမ္မ အကျိုးခံစားရသူ ၆ ယောက်

(၁) မလ္လိကာမိဖုရား။ ဘုရားကို မုန့်အသိုးလှူသော နေ့၌ပင် ကောသလမင်းကြီးကောက်ယူ၍ မိဖုရားမြှောက်၏။

(၂) ပုဏ္ဏ ခေါ် လယ်ကူလီ။ ရှင်သာရိပုတ္တရာ အား ဆွမ်းလှူသောနေ့မှာပင် သဌေးကြီးဖြစ်၏။

(၃) ဧကသာဋကပုဏ္ဏား။ မိမိ၏တထည်တည်းသော အပေါ်ရုံအဝတ်ကိုလှူ၏။ ထိုနေ့ပင် ရှစ်ခု ရှစ်လီသော ဥစ္စာတို့ကိုရ၏။

(၄) သုမနပန်းသည်။ မုလေးပန်း ရှစ်ဆုပ်ကိုလှူ၏။ ထိုနေ့ပင် စည်းစိမ်ချမ်းသာ နှင့် ပြည့်စုံခြင်းသို့ ရောက်ရ၏။

(၅) သုပ္ပိယဒါယိကာမ။ မကျန်းမာသော ရဟန်း အား ပေါင်သား လှီး၍လှူ၊ နှစ်ရက်မြောက်၌ အနာလုံးဝပျောက်၊ အမာရွတ်မျှပင်မထင်။

(၆) ဂေါပါလ မာတာဒေဝီ။ ဆံပင် ဖြတ်ရောင်း ရသော ငွေရှစ်သပြာနှင့် ရှင်မဟာကစ္စည်း ထေရ် အား ဆွမ်းလှူ၊ ထိုနေ့မှာပင် ဥတေန မင်းကြီး၏ မိဖုရားကြီးဖြစ်၏။

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

ဆန်းညွှန့်ဦးစာအုပ်တိုက်မှ

## သားစဉ်မြေးဆက် ဖတ်နိုင်သည့်စာအုပ်များ


* ''ခေတ်မီဓမ္မပဒဝတ္ထုကြီး'' [စ-ဆုံး] ပထမတွဲမှ ပဥ္စမတွဲထိ တတွဲလျှင် ၁၂ ကျပ်
* လက်ရွေးစင်'ဓမ္မပဒ'ဝတ္ထုများ[အမှတ် ၁မှ၉ ထိ]၁တွဲ ၃ ကျပ်
* သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ ၆ ကျပ်
* ဗန်းမော်ဆရာတော် ဟာသရသကဗျာနှင့်ပုံပြင်များ ၆ ကျပ်
* ဦးပေါ်ဦးချောက်ထိုး ပထမတွဲ ၆ ကျပ် ဒုတိယတွဲ ၆ ကျပ်
* စကားတောင်စားနှင့် လက်တေ့ညီပုံဝတ္ထုများ ၆ ကျပ်
* ခုံတော်မောင်ကျဘမ်းစကားစစ်ထိုးခန်း ၆ ကျပ်
* ပုံပြင်တပုဒ် ၁၀၀၀ဝ စီ ဆုရသော ၁၀၀ဝ တန်ပုံပြင်များ ၆ ကျပ်
* ဦးလှခင်၏ ရွက်၊ခေါက်၊မြစ်၊သီး[ဆေးနည်း ၁၀၀၀]၁၅ ကျပ်
* ,, မီးဖိုချောင်မှ ဆေးစွမ်းကောင်းများ၊ ပတွဲ-ဒုတွဲ ၆ ကျပ်
* ဒေါ်စိန်စိန်၏ မုန့်လုပ်နည်းမျိုးစုံ ၆ ကျပ်
* ဦးကြီးပု၏ ချက်နည်းပြုတ်နည်း ၅၀၀ ၂၅ ကျပ်
* ဦးသိန်းထွန်းမြင့်အိမ်တွင်းဆရာဝန် [ပထမတွဲ] ၃၀ ကျပ်
* ,, ဘီ၊ဗီ၊အိုင်နှင့် နိုင်ငံခြားဆေးသုံးစွဲနည်း ၂၀ ကျပ်
* ကိုင်ရို၏ အဆင့်မြင့်လက္ခဏာကျမ်း[၁]၁၅ ကျပ်[၂] ၂၀ ကျပ်
* ကျော်မင်းခေါင်၏ [ဒသာနာဋ္ဌဒီပနီ] ၂၀ ကျပ်
* ထိပ်တင်ထွဋ်၏ ကျား၊မ၊ ကိုယ်အလှ[၆လ]လေ့ကျင့်စဉ် ၆ ကျပ်
* ,, [၁၄ ရက်အတွင်း] အရပ်ရှည်နည်း ၄ ကျပ်
* တက္ကသိုလ်မြင့်နိုင်....ကလေးသူငယ်ဥပဒေများ ၆ ကျပ်
* ,, အမျိုးသမီးဥပဒေများ ၁၀ ကျပ်
* ပန်းချီဦးအုန်းလွင်၏''ရှင်ဥပဂုတ္တ [ပုံပြရုပ်စုံကြီး] ၁၀ ကျပ်